http://www.dhammadownload.com

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏ အဓိပတိ

မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# စွန့်နိုင်မှစွမ်း နိဗ္ဗာန်လှမ်း

## တရားတော်



http://www.dhammadownload.com

## ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းသည်

- လက်ရှိ ဘဝတန်ဖိုးကို
နားလည် သဘောပေါက်လာခြင်း

- ဘဝ အဆင့်အတန်းမြှင့်မားပြီး
အတွေးအခေါ်ကောင်းမွန်လာစေခြင်း

- စိတ်ဓါတ် ကြံ့ခိုင်ပြီး အစစအရာရာ
ခွင့်လွှတ်နိုင်လာခြင်း

- လူဖြစ်ပြီး သာသနာနှင့်
ဆုံတွေ့ရကျိုးနပ်မှန်းသိလာခြင်း

- တန်ဖိုးရှိတဲ့ဘဝကို တန်ဖိုးရှိတဲ့အချိန်မှာ
တန်ဖိုးရှိရှိ အသုံးချတတ်ပြီး
တရားအရသာကို လက်တွေ့ခံစားနိုင်လာခြင်း
စသည့် လက်ငင်းအကျိုးတရားတွေ
ပြည့်စုံလာပါတယ်။



http://www.dhammadownload.com

၂၀၁၂ ခုနှစ်၊ ဧပြီလ
ဒုတိယအကြိမ် * ၁၀၀၀ အုပ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
တတိယအကြိမ် * ၁၀၀၀ အုပ်

# ဓမ္မဒါန

ရန်ကုန်
**ဒါယကာ၊ ဒါယိကာမများမှ**
လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com

မြောက်ဦးဆရာတော်

ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာများ၏ အဓိပတိ

**ဟောကြားအပ်သော**

# စွန့်နိုင်မှစွမ်း နိဗ္ဗာန်လှမ်း

# တရားတော်



စာစဉ် (၁၂)

(ယောဂီများအတွက်သာ)

သာသနာ့ ၁၅၅၃၊ ကောဇာ ၁၃၇၁၊ ခရစ် ၂၀၀၉

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

# မာတိကာ


၁။ ဓမ္မအင်အား စွမ်းပကား ၁

၂။ လူ့အသိ လူ့ဘဝ ၄

၃။ နှစ်သွယ်လမ်းမ ၈

၄။ ဝတ်ရည်စားသုံး ပျားပိတုန်း ၁၀

၅။ ကျေးဇူးများထုံ သံဃာ့ဂုဏ် ၁၅

၆။ လေးသွယ်ယောဂီ အလီလီ ၂၁

၇။ အလိုကြီး အမြီးပေါက် ၃၁

၈။ ငုပ်မိသဲတိုင်
မြဲနိုင်ဖျားရောက် ၄၃

၉။ ချင့်ချင့်ချိန်ချိန် သုခမိန် ၄၆

၁၀။ မငဲ့မထောက်
ပန်းတိုင်ရောက် ၄၉

၁၁။ ဆင်းရဲခံမှ ချမ်းသာရ ၅၃

၁၂။ ဘယ်သူမပိုင်
ဘုံဆိုင်မှတ်ကြ ၆၀

http://www.dhammadownload.com

၁၃။ ဆင်ခြင်တွေးဆ သင်္ခါရ ၆၃
၁၄။ သတိပညာ မွေးမြူပါ ၆၇
၁၅။ ဆုံးမစကား မလေးစား ၇၀
၁၆။ မလျှော့တဲ့ဇွဲ အားမာန်ခဲ ၇၄
၁၇။ စောင်းကြိုးပမာ ကျင့်သုံးပါ ၇၇
၁၈။ အစွန့်တတ်မှ အနေမြတ် ၈၅
၁၉။ မလှုပ်ကြွနွေ ငြိမ်ငြိမ်နေ ၈၈
၂၀။ ပေါ်တာလိုက်ရှု ငြိမ်းအေးမှု ၉၁
၂၁။ စွန့်စားမှုတ နိဗ္ဗာန် ၉၄

*

http://www.dhammadownload.com

# ဖတ်ရှုသူများသို့

တရားနဲ့ပျော်ရွှင် အို... ယောဂီသူတော်စင်အပေါင်းတို့၊ ယခု ရရှိထားသော လူ့ဘဝကြီးသည် အလွန်တရာမှ ထူးကဲလွန်မြတ်သော ဘဝကြီးတစ်ခုပါ။ ဤဘဝမျိုး ရနိုင်ဖို့ အတိတ်ဘဝက ပါရမီ အရင်းအနှီးတွေ အများကြီး ဆည်းပူးခဲ့ရပါသည်။ ယခုတစ်ဖန် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကြီးနှင့် တွေ့ဆုံရခြင်း၊ သာသနာတော်အတွင်းမှာ လူအဖြစ်ကို ရရှိနေခြင်း၊ သစ္စာတရားတော်များကို ဟောဖော်ညွှန်ပြ ဆုံးမတတ်သည့် ဆရာကောင်းများနှင့် တွေ့ကြုံကြရခြင်း၊ မိမိတို့တွင် ကိုယ်စီကိုယ်င သစ္စာတရားများ

http://www.dhammadownload.com

ကို နာယူနိုင်သည့် ဉာဏ်နားပါရှိခြင်း၊ ဤ ကဲ့သို့ အကြောင်းအရာများနှင့် တွေ့ကြုံဆုံ စည်းရလေတော့ မိမိတို့ ကြိုးစားအားထုတ် သလောက် နိဗ္ဗာန်ခရီးပေါက်နိုင်တဲ့ အခွင့် ထူးကြီး ရရှိနေပါသည်။ သို့ပါသော်လည်း ဘဝရဲ့တန်ဖိုးကို နားမလည်ကြဘဲ လောကီ အာရုံ ကာမဂုဏ်နှင့် အချိန်ကုန်နေကြမယ် ဆိုရင် ဘဝတန်ဖိုး မတိုးရဘဲ ဘဝတန်ဖိုး ညှိုးသွားရပါလိမ့်မည်။ ကြုံခဲလှစွာသော လူ့ ဘဝကြီးမှာ ကိုယ်ကြိုက်တာ ကိုယ်လုပ်ခွင့် ရှိပါသော်လည်း အကျိုးမရှိတာနဲ့ အကျိုး ရှိတာတို့ကို မိမိကိုယ်တိုင် နားလည်သဘော ပေါက်ဖို့ လိုအပ်ပါသည်။ နားလည်သဘော မပေါက်တဲ့ ပုဂ္ဂိုလ်တွေဟာ လူ့ဘဝကြီးရ ပေမယ့် တန်ဖိုးမရှိတဲ့ လူ့ဘဝကြီးရသလို ဖြစ်မှာပါ။ ထို့ကြောင့် ဘဝတန်ဖိုးရှိလေ အောင် ရတနာမာရ်အောင် တောရဓမ္မရိပ်

http://www.dhammadownload.com

သာ ဆရာတော် ဟောဖော်ညွှန် ပြဆိုဆုံးမ အပ်သော **"စွန့်နိုင်မှစွမ်း နိဗ္ဗာန်လှမ်း"** တရားတော်မြတ်ကို နာယူမှတ်သားကြိုးစား အားထုတ်ရင်းဖြင့်...

ခွင့်သာတုန်း ရုန်းနိုင်ကြပါစေ။

ခွင့်သာခိုက် မဂ်ဖိုလ်နိဗ္ဗာန် ဆိုက်နိုင်ကြပါစေ။

ဓမ္မောဟဝေ ရက္ခတိဓမ္မစာရိ

**ကိုသံချောင်း (ကျောက်ဖြူ)**
**ဖုန်း-၀၉၈၅၂၂၀၅၉**

http://www.dhammadownload.com

## (နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[၃]

## ဓမ္မအင်အား စွမ်းပကား

"ကဲ... တရားပဲ နှလုံးသွင်းကြမယ်။ တရားပဲ နှလုံးသွင်းကြရအောင်။ တရားနာခြင်း၊ တရားနှလုံးသွင်းခြင်းသည် မိမိတို့ရဲ့ စိတ်အစဉ်မှာ အားနည်းနေတဲ့ စိတ်တွေကို အားပြည့်စေတယ်။ နွမ်းနယ်နေတဲ့စိတ်တွေကို လန်းဆန်းစေတယ်။ တရားတွေ ခဏခဏ မနာကြားရရင် တရားအသိတွေ ဆုတ်ယုတ်တယ်။ တရားတွေနာရမှ မိမိတို့ရဲ့ တရားအသိတွေ တိုးတက်တယ်။ ဒါကြောင့် ဘုရားရှင်က ဓမ္မသဝန သုတ္တန်ထဲမှာ တရား

http://www.dhammadownload.com



နာတဲ့အခါမှာ မကြားဖူးတဲ့ တရားအသံ ခေတ်ကလေးတွေ ကြားရခြင်းကြောင့် မိမိ စိတ်ထဲမှာ အဖိုးမဖြတ်နိုင်တဲ့ အကျိုးရလဒ် တွေရရှိနိုင်တယ်။ ဒုတိယ ကြားဖူးတဲ့ တရား က ထပ်မံ နာကြားရခြင်းကြောင့် စိတ်ထဲမှာ သိလိုတာတွေ ထပ်ပြီး သိခွင့်ရတယ်။ တတိယက ယုံမှား သံသယတွေဟာလည်း ပဲ ရှင်းလင်းသွားတယ်။ စတုတ္ထက အယူ အဆတွေ ဖြောင့်ဖြောင့်မတ်မတ် ဖြစ်သွား တယ်။ ပဉ္စမက ဒီတရားတွေ နာရတဲ့ပုဂ္ဂိုလ် တွေဟာ စိတ်ကြည်လင်ပြီး စိတ်ချမ်းသာမှုရ တယ်။ ဒေါသတွေ ငြိမ်းပါတယ်။ ဒါကြောင့် တရားတော်မြတ်ကို ရှေးဘုန်းရှေးကံရှိတဲ့ ပုဂ္ဂိုလ်တွေသာ နာနိုင်ပါတယ်။ ရှေးဘုန်း ရှေးကံမရှိတဲ့ ပုဂ္ဂိုလ်တွေဟာ တရားကို နာ နိုင်ပါ့မလား”

*(မနာနိုင်ပါဘုရား)*

http://www.dhammadownload.com



"ဒါကြောင့်မို့လို့ ဒကာ၊ ဒကာမတွေ တို့တရားတွေ နာနေရတာဟာ ရှေးကုသိုလ် ကံတရားရှိလို့ ဟုတ်ပြီလား"

*(တင်ပါ့ဘုရား)*

"အတိတ်ကုသိုလ်ကံရှိလို့ ဒီတရားတွေ ကို နာရတာ။ ဒီတရားတွေကို ကျင့်နိုင်တာ"

*(တင်ပါ့ဘုရား)*

"အတိတ်ကုသိုလ်ကံ မပါဘူးဆိုရင် ဒီတရားတွေ ကျင့်လို့ရပါ့မလား"

*(မရပါဘုရား)*

"ကျင့်ချင်တဲ့စိတ်ကော ပေါ်နိုင်ပါ့ မလား"

*(မပေါ်ပါဘုရား)*

"မပေါ်ပါဘူး။ ကျင့်လည်း မကျင့်နိုင် ဘူး။ ကျင့်ချင်တဲ့စိတ်လည်း မရှိပါဘူး ဟုတ် လား။ ကုသိုလ်မျိုးစေ့ရှိမှလည်းပဲ ဒီကုသိုလ် တွေကို လုပ်ခွင့်ရှိတာပါ ဟုတ်လား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



# လူ့အသိ လူ့ဘဝ

"ဒီကနေ့ ဝါတွင်းကာလ ထူးမြတ်တဲ့ နေ့ကလေးမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောဖော်ညွှန်ပြတော်မူခဲ့တဲ့ တရားတော်မြတ်ဒေသနာတော်တွေကိုနားက တရားနာ၊ ခန္ဓာကိုယ်ကို ဉာဏ်လှည့်ပြီးတော့ သုံးသပ်တတ်မယ်၊ ဆင်ခြင်တတ်မယ်၊ ပွားများတတ်မယ်၊ နှလုံးသွင်းတတ်မယ်ဆိုလို့ရှိရင် ဟောဒီတရားနာ ပရိသတ်အပေါင်း ဒကာ၊ ဒကာမများရဲ့ စိတ်အစဉ်ထဲမှာ အကုသိုလ်တွေ တဒင်္ဂငြိမ်းပြီးတော့ ကုသိုလ်ဓမ္မတွေ စွမ်းအားတွေကို မရလာနိုင်ဘူးလား"

*(ရနိုင်ပါတယ်ဘုရား)*

"ရနိုင်ပါတယ်။ တရားအသိကို နှလုံးသားထဲမှာ ဉာဏ်နဲ့ကြည့်ရင် မြင်နိုင်ပါတယ်။ ဟုတ်လား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"ဘုန်းကြီးတို့ပရိသတ်တွေ ဘုရားရှင်ရဲ့ အဆုံးအမတော်တွေဟာ အပြင်လောကကို ကြည့်ဟောတာလား၊ ခန္ဓာကြည့်ဟောတာလား"

*(ခန္ဓာကြည့်ဟောတာပါဘုရား)*

"အပြင်အာရုံကို ဟောတာလား၊ ခန္ဓာ့ဖြစ်စဉ်ကို ဟောတာလား"

*(ခန္ဓာ့ဖြစ်စဉ်ကို ဟောတာပါဘုရား)*

"ဟောဒီ ခန္ဓာကိုယ်ကြီးရဲ့ ဖြစ်စဉ်ကို ဟောဖော်ညွှန်ပြတဲ့အခါမှာ ဦးစွာပထမ ဒကာ၊ ဒကာမတို့သည် ဒီကနေ့ တခြားမှာ တွေ့တာလား၊ သာသနာတွင်းမှာ တွေ့တာလား"

*(သာသနာတွင်းမှာ တွေ့တာပါဘုရား)*

"ဩော်... သာသနာတွင်းမှာ လူ့ဘဝကြီး ရလာခဲ့တာပေါ့နော်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"ဘာရနေပါလိမ့်"

*(လူ့ဘဝရနေပါတယ်ဘုရား)*

"လူ့ဘဝ ရဖို့ဆိုတာ လွယ်သလား၊ ခက်သလား"

*(ခက်ပါတယ်ဘုရား)*

"ဒီလိုဆိုရင် ပခုံးနှစ်ဖက်ကြားက ခေါင်းပါတိုင်းကော လူလို့ပြောလို့ရပါ့မလား"

*(မရပါဘုရား)*

"လူ့အသိတရားတွေ ရရှိထားမှ လူလို့ခေါ်တယ်။ ဘုရားရှင်ကတော့ ကုသိုလ်တရားနဲ့ အကုသိုလ်တရားကို ခွဲခြားသိတတ်တဲ့ ပုဂ္ဂိုလ်ကိုမှ လူလို့ခေါ်ပါတယ်တဲ့နော်။ လူဆိုတာ ဘာကို ခွဲခြားသိတတ်တယ်"

*(ကုသိုလ်နဲ့ အကုသိုလ်ကိုပါဘုရား)*

"ဟုတ်တယ်၊ ခွဲခြားသိတယ်နော်။ အေး... အကုသိုလ် မှန်သမျှတွေကို ကျူး

http://www.dhammadownload.com



လွှန်မိလို့ရှိရင် ဒီပစ္စုပ္ပန်ဘဝရော တစ်သံသရာလုံးရော ဆင်းရဲရမှာလား၊ ချမ်းသာမှာလား”

*(ဆင်းရဲမှာပါဘုရား)*

“ဆင်းရဲတယ်ဆိုကတည်းက ကောင်းတဲ့အာရုံလား၊ မကောင်းတဲ့အာရုံလား”

*(မကောင်းတဲ့ အာရုံပါဘုရား)*

“ဒီမကောင်းတဲ့ အာရုံဆိုတော့ စင်ကြယ်တယ်လို့ ပြောတာလား၊ မည်းညစ်တယ်လို့ ပြောတာလား”

*(မည်းညစ်တယ်လို့ ပြောတာပါဘုရား)*

“အဲဒီ မည်းညစ်တဲ့စိတ် တစ်နည်းအားဖြင့် မည်းညစ်တဲ့ နာမ်တရားတွေနဲ့ နေသွားတဲ့ ပုဂ္ဂိုလ်များရဲ့ သွားရာလမ်းခရီးသည်ကား ကောင်းတဲ့လမ်းလား၊ မကောင်းတဲ့လမ်းလား”

*(မကောင်းတဲ့လမ်းပါ ဘုရား)*

http://www.dhammadownload.com



## နှစ်သွယ် လမ်းမ

"လူပင်ဖြစ်ငြားသော်လည်း လူ့အသိမရှိ ခဲ့ခြင်းကြောင့် ဒီပုဂ္ဂိုလ်ရဲ့ လူ့ဘဝရပြီးတော့ နေခဲ့ရခြင်းသည် မြတ်မှာလား၊ ရှုံးမှာလား"

*(ရှုံးမှာပါဘုရား)*

"ဒါကြောင့် ဘုန်းကြီးတို့ရဲ့ဘဝ၊ ဒကာဒကာမများရဲ့ဘဝကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရုပ်လုံးဖော်ပြတဲ့အနေနဲ့ ကံနှစ်ခုကို ဟောတယ်နော်"

*(တင်ပါ့ဘုရား)*

"ဘာနှစ်ခုကို ဟောပါလိမ့်"

*(ကံနှစ်ခုပါဘုရား)*

"ကုသိုလ်ကံရယ်၊ အကုသိုလ်ကံရယ်လို့ မှတ်လိုက်ပါ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒီကုသိုလ်ကံနဲ့ အကုသိုလ်ကံ နှစ်ခု

http://www.dhammadownload.com



တို့ရဲ့စွမ်းအားတို့ကြောင့် လူတွေဟာ သုဂတိဘဝနဲ့ ဒုဂ္ဂတိဘဝဆိုပြီးတော့ မလည်နေရဘူးလား"

*(လည်နေရပါတယ်ဘုရား)*

"အကုသိုလ်ကံ ကျူးလွန်တဲ့ ပုဂ္ဂိုလ်တွေက ဒုဂ္ဂတိဘဝတွေနဲ့ လည်နေရသလို ကုသိုလ်ကံစွမ်းအားတွေ ဖြည့်ပြီး လူ့အသိရှိရှိနဲ့ နေထိုင်ပြီးတော့ ဝိပဿနာဉာဏ်စွမ်းအားတွေကြိုးစားပြီး နေထိုင်ရင်တော့သုဂတိကနေ မဂ်ဖိုလ်ကို မရနိုင်ဘူးလား"

*(ရနိုင်ပါတယ်ဘုရား)*

"ဘုရားရှင်က လမ်းနှစ်လမ်းကို ဖော်ပြတယ်နော်။ အို နာ သေထပ်တဲ့ လမ်းရယ်၊ အို နာ သေ လွတ်တဲ့လမ်းရယ် ဆိုပြီးတော့ ကြိုက်ရာရွေးချယ် လမ်းနှစ်သွယ်ကို ညွှန်ပြခဲ့တယ်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com

## ၁၀ စွန့်နိုင်မှုစွမ်း နိဗ္ဗာန်လှမ်း

"လမ်းက ဘယ်နှစ်လမ်းပါလိမ့်"

*(နှစ်လမ်းပါဘုရား)*

"ဘာပါလိမ့်မလဲဆိုရင် အိုနာသေထပ်တဲ့လမ်းနဲ့ အိုနာသေလွတ်တဲ့လမ်း ဟုတ်ပြီလား"

*(တင်ပါ့)*

## ဝတ်ရည်စားသုံး ပျားပိတုန်း

"ဒီတော့ လူစင်စစ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓရဲ့ အဆုံးအမ တရားတော်မြတ်တွေကို နှလုံးသားရင်ခွင်ထဲမှာ ထိန်းသိမ်းပြီး လိုက်နာကျင့်သုံးရမှာလား၊ တခြားလုပ်ရမှာလား"

*(လိုက်နာကျင့်သုံးရမှာပါဘုရား)*

"လိုက်နာကျင့်သုံးတယ်ဆိုတာက လူစင်စစ်တို့သည် မိမိတို့ နေထိုင်ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေမှာ ကောင်းတဲ့ ကာယကံ

http://www.dhammadownload.com



မှုတွေ၊ ကောင်းတဲ့ ဝစီကံမှုတွေ၊ ကောင်းတဲ့ မနောကံမှုတွေကို ပြုမူပြီး နေထိုင်သွားတတ်တဲ့ ပုဂ္ဂိုလ်များဟာ ဒီလူ့အသိလေးရှိနေခြင်းကြောင့် ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း လိုက်နာ ကျင့်သုံးသူတွေလို့ မဆိုရဘူးလား"

*(ဆိုရပါတယ်ဘုရား)*

"ဒီလို လိုက်နာ ကျင့်သုံးဖို့အတွက် ဆရာသမားဆိုတဲ့ အမှီကောင်းရှိဖို့ လိုတယ်နော်"

*(တင်ပါ့ဘုရား)*

"သစ်တစ်ပင်ကောင်းရင် ဘာဖြစ်တာတဲ့လဲ"

*(ငှက်တစ်သောင်း နားပါတယ်ဘုရား)*

"လောကမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော သစ်ပင်ရိပ်အောက်

http://www.dhammadownload.com



မှာ ခိုလှုံခွင့်ရကြတဲ့ ဘုန်းကြီးတို့ရော၊ ဒကာ ဒကာမတို့ရော အားလုံးတို့သည် ငှက်ပေါင်း မြောက်မြားစွာနဲ့ မတူဘူးလား”

*(တူပါတယ်ဘုရား)*

“ဘုရားရှင်သာသနာ အရိပ်အာဝါသ မှာခိုလှုံနေကြတဲ့ ဘုန်းကြီးတို့ ဒကာ၊ဒကာမ တို့ရဲ့ စိတ်အစဉ်တို့ဟာ ဘုရားရှင်ရဲ့ ဟော ဖော်ညွှန်ပြခဲ့တဲ့ ဓမ္မစွမ်းအားလေးတွေကို နား ထောင်ပြီး သိခွင့်ရလာပြီ ဆိုကတည်းကိုက ဒီတရား အသိလေးတွေဟာ ဆင်းရဲစေ သလားတည်း၊ ချမ်းသာစေသလား”

*(ချမ်းသာစေပါတယ်ဘုရား)*

“ဒီချမ်းသာစေတတ်တဲ့ တရားအသိ လေးတွေကို ခဏ နှလုံးသွင်းရမှာလား၊ အမြဲ တမ်းလား”

*(အမြဲတမ်းပါဘုရား)*

http://www.dhammadownload.com



ဒီဘုရားရှင်ရဲ့ ဓမ္မစွမ်းအားတွေဟာ နှလုံးသွင်းတတ်တဲ့သူတွေကို ငြိမ်းချမ်းခွင့် မရနေဘူးလား။

*(ရပါတယ်ဘုရား)*

"နှလုံးသွင်းသူတွေ၊ လိုက်နာသူတွေ အတွက် ငြိမ်းချမ်းပါတယ် ဟုတ်လား။ ငြိမ်းချမ်းရေးကို လိုလားတဲ့ ပုဂ္ဂိုလ်တွေအတွက် တကယ်ကို ငြိမ်းချမ်းပါတယ်။ ငြိမ်းချမ်းခွင့်တွေ ရနေတယ်၊ ဘယ်အသိနဲ့ နေလို့လဲ ဆိုရင်..."

*(တရားအသိနဲ့ပါ ဘုရား)*

"ဪ... သံဃာတော် အရှင်ကောင်း၊ အရှင်မြတ်တွေက တရားစွမ်းအားတွေကို ရင်ဝယ်ပိုက် သယ်ဆောင်လာပြီးတော့ အဲဒီ ဓမ္မစွမ်းအားတွေကို ဝေငှပေးမနေကြဘူး လား"

*(ပေးနေပါတယ်ဘုရား)*

http://www.dhammadownload.com



တစ်နည်းအားဖြင့် ပန်းဥယျာဉ်ကြီး တစ်ခုနဲ့ တူပါတယ်။ ပန်းဥယျာဉ်ကြီးနဲ့တူတဲ့ သာသနာတော်မြတ်ကြီးမှာ ဓမ္မတည်းဟူသော ပန်းဝတ်ရည်လေးတွေကို သောက်သုံးဖို့ စားသုံးဖို့ ရောက်ရှိလာကြတဲ့ ပျားပိတုန်း လိပ်ပြာလေးတွေဟာ မအေးချမ်းရဘူးလား။

*(အေးချမ်းပါတယ် ဘုရား)*

ဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးမှာ ဒီဘုရားရှင်ရဲ့ အဆုံးအမ တရားတော်တွေကို သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေက ဓမ္မဝတ်ရည်တွေ ထုတ်ပေးတော့ ဒကာ၊ ဒကာမတွေ သောက်သုံးခွင့် မရဘူးလား။

*(ရပါတယ်ဘုရား)*

သောက်သုံးခွင့်ရတဲ့ ပုဂ္ဂိုလ်တွေကို ချမ်းသာစေတာလား၊ ဆင်းရဲစေတာလား။

*(ချမ်းသာစေပါတယ် ဘုရား)*

http://www.dhammadownload.com



ချမ်းသာတယ်ဆိုတာ အလိုလိုဖြစ်လာတာလား၊ ခံယူကျင့်သုံးလို့လား။

*(ခံယူကျင့်သုံးလို့ပါ ဘုရား)*

## ကျေးဇူးများထုံ သံဃာ့ဂုဏ်

"အဲသလို ခံယူကျင့်သုံးတတ်လာပြီဆိုရင် ကံနဲ့ အကျိုးပေးကို သိတဲ့စိတ်ကနေ တစ်ဆင့်တက်ပြီးတော့ ဉာဏ်နဲ့ အကျိုးပေးကို သိလာတယ်။ သစ္စာတရားလေးတွေကို နားထောင်တတ်လာတယ်။ သီလကျင့်စဉ်ကနေ သမာဓိကျင့်စဉ်တွေကို လိုက်နာကျင့်သုံးတတ်လာတယ်။ အဲဒီက တစ်ဆင့် ပညာဆိုတဲ့ ကျင့်စဉ်တွေကို ကျင့်သုံးလို့ သောတာပန်တွေဖြစ်ကြ၊ သကဒါဂါမ်တွေဖြစ်ကြ၊ အနာဂါမ်တွေဖြစ်ကြ၊ ရဟန္တာတွေဖြစ်ကြတာဟာ ဟောဒီဘုရားရှင်သာသနာမှာ တရားတည်းဟူသော ဝတ်ရည်တွေ

http://www.dhammadownload.com



သောက်သုံးခွင့်ရတာ သံဃာတော်တွေ တည်ရှိနေသေးလို့ မဟုတ်ဘူးလား”

*(မှန်ပါဘုရား)*

“ကဲ... ဒီတော့ ဒီနေ့ ဘုန်းကြီးတို့ ဒကာ ဒကာမများ အကျိုးအလို့ဌာ လောကမှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတွေ ပေါ်ပေါက်လာနေတာ မဟုတ်ဘူးလား”

*(တင်ပါ့ဘုရား)*

“ဒီထက်မက လိုရင်းပြောရရင် ဘုန်းကြီးတို့ ယောဂီသူတော်ကောင်းများ တရားရဖို့အတွက် သံဃာတော်တွေ တည်ရှိနေသေးတာ ဟုတ်လား။ ကုသိုလ်ကောင်းမှုတွေ များများပြုလုပ်ဖို့အတွက်၊ တရားထူး တရားမြတ်ရဖို့အတွက် ဟောပေးနိုင်စွမ်းရှိတဲ့ သံဃာတော်တွေရှိနေလို့ ဘုန်းကြီးတို့ ပရိသတ်များ သန္တာန်မှာ သဒ္ဓါတရားတွေ

http://www.dhammadownload.com



ဟာ အမြဲမပြတ် တိုးတက်ခွင့် မရနေဘူး လား"

*(ရနေပါတယ်ဘုရား)*

"အဲဒါဟာ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုး ရန်အတွက် အနုတ္တရံ၊ ပုညခေတ္တံ လောက သတဲ့။ ဒါနမျိုးစေ့၊ သီလမျိုးစေ့၊ ဘာဝနာ မျိုးစေ့တို့ကို စိုက်ပျိုးရန် လယ်ယာမြေ ကောင်းသဖွယ် သံဃာတော်များ တည်တံ့ နေတာ ဟုတ်လား"

*(တင်ပါ)*

"ဒီတော့ ဒီရတနာမြတ်သုံးပါး တည်ရှိ နေလို့ လူတွေ နတ်တွေဟာ ကုသိုလ်တွေ တိုးတက်ခွင့်ရနေတာ။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သွားပြီးနောက် သံဃာတော်တွေသာ မရှိဘူးဆိုရင် ဒီဘုရားရတနာနဲ့ တရား ရတနာဟာ ကွယ်ပျောက်ပြီ ဟုတ်လား"

*(တင်ပါဘုရား)*

http://www.dhammadownload.com



"ဒီတော့ ဒီသံဃာတော်တွေ ရှိနေလို့ ဘုရားနဲ့တရားကို သိခွင့်ရတာပါ"

*(တင်ပ့ါ)*

"ဘုရားရှင်အကြောင်းကို သိခွင့်ရတယ်။ တရားတော်အကြောင်းလည်း သိခွင့်ရတယ်။ သံဃာအကြောင်းလည်း သိခွင့်ရတာဟာ ဒီသံဃာတော်တွေ ရှိနေလို့ ဟုတ်လား"

*(တင်ပ့ါ)*

"ဒီတော့ အဲဒီသံဃာတော် အရှင်ကောင်း အရှင်မြတ်များသည် သာသနာအတွက် ကျေးဇူးများအကြောင်းကို မြတ်စွာဘုရားရှင် အမိန့်ရှိထားတယ်နော်"

*(တင်ပ့ါဘုရား)*

"သံဃာတော်များ တည်တံ့နေခြင်းကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမများ ကျေးဇူးများပြားလွန်းတာ ဟုတ်လား။ ဒါ

http://www.dhammadownload.com



ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သာသနာမှာ ဘယ်သူ့ကို ညွှန်းတာတဲ့လဲ ပရိသတ်”

*(သံဃာကိုပါဘုရား)*

“သံဃာကို ညွှန်းတယ် ဟုတ်လား။ အေး မိထွေးတော် ဂေါတမီကိုလည်း ငါဘုရား တစ်ပါးတည်းကို အာရုံပြုပြီးမလှူနဲ့။ သံဃာကို လှူပါလို့ အမိန့်မရှိဘူးလား”

*(ရှိပါတယ်ဘုရား)*

“သံဃာကို အာရုံပြုပြီး လှူရခြင်းဟာ ငါဘုရားကို လှူဒါန်းရာ ရောက်ပါတယ်လို့ မဟောဘူးလား”

*(ဟောပါတယ်ဘုရား)*

“ပုဂ္ဂိုလ်ကို မလှူပါနဲ့။ သံဃာကိုသာ လှူပါလို့မိန့်တယ်။ ဘာဖြစ်လို့လဲမေးတော့ သံဃာဟာ သာသနာအတွက် ကျေးဇူးများလွန်းလို့ ဟုတ်ကဲ့လား”

*(တင်ပါ့)*

http://www.dhammadownload.com



"သံဃာတော်သာလျှင် သာသနာတော်မြတ်ကို တည်တံ့အောင် ထမ်းပိုးရွက်ဆောင်နိုင်တယ်။ ဒီသံဃာဟာ သာသနာမှာ ပရိယတ္တိသာသနာကို ထမ်းပိုးရွက်ဆောင်နိုင်တယ်။ ပဋိပတ္တိ သာသနာတော်မြတ်ကိုလည်း ထမ်းပိုးရွက်ဆောင်နိုင်တယ်နော်"

*(တင်ပါ)*

"သံဃာတော်တွေသာ မရှိဘူးဆိုရင် ဒီပရိယတ် ပဋိပတ် ဘာဖြစ်ပြီတဲ့လဲ"

*(ကွယ်မှာပါဘုရား)*

"ကွယ်ပြီ ဟုတ်လား။ အဲသလို ပဋိယတ်၊ ပဋိပတ် ကွယ်တာနဲ့ ပဋိဝေဒသာသနာလည်း ကွယ်မှာပေါ့ ဟုတ်လား။ သာသနာကွယ်တာနဲ့ လောကကြီး မှောင်အတိ ဖြစ်သွားပြီနော်"

*(တင်ပါ)*

http://www.dhammadownload.com



"ကြောက်စရာ မကောင်းဘူးလား"

*(ကောင်းပါတယ်ဘုရား)*

## လေးသွယ်ယောဂီ အလီလီ

"ဒါကြောင့် သာသနာဆိုတဲ့ ဘုရားရှင်ရဲ့ အဆုံးအမ တည်တံ့ရခြင်း အကြောင်းရင်းကို သိစေလိုလို့ ပြောလိုတာပဲ ဖြစ်တယ်။ ကဲ… ဘုန်းကြီးတို့ ဟောလိုက်တဲ့ တရားလေး ပြန်ဆက်ကြပါစို့။ ကဲ ဒီရခဲလှတဲ့ သာသနာတွင်းမှာ သာသနာတွင်းကုသိုလ်ဖြစ်တဲ့ ဝိပဿနာကုသိုလ်ကောင်းမှုကိုမှ မယူတတ်ကြဘူး၊ မယူနိုင်ကြဘူးဆိုရင် မဆုံးရှုံးရဘူးလား"

*(ဆုံးရှုံးပါတယ်ဘုရား)*

"သာသနာတွင်းကာလမှာ လူလာဖြစ်ပါလျက်ကယ်နဲ့ သာသနာတွင်း ကုသိုလ်ရှိနေပါလျက်နဲ့ မရယူတတ်ဘူးဆိုရင်

http://www.dhammadownload.com



သာသနာနဲ့ တွေ့ပင်တွေ့ငြားသော်လည်း လွဲမနေဘူးလား"

*(လွဲနေပါတယ်ဘုရား)*

"ဒါကြောင့် ဒကာ၊ ဒကာမတွေ ကုသိုလ် ကောင်းမှုဆိုတာ လူတိုင်း လူတိုင်း မရယူနိုင်ပါဘူး"

*(တင်ပါ့ဘုရား)*

"ကုသိုလ်ရှိသူမှ ကုသိုလ်ကို ယူနိုင်ပါတယ်။ ဘာရှိသူမှ ဘာကို ယူနိုင်တယ်"

*(ကုသိုလ်ရှိသူပါဘုရား)*

"ကုသိုလ်ရှိသူ၊ ကုသိုလ်ယူနိုင်တယ် ဟုတ်လား။ ကုသိုလ်ရှိတဲ့ ပုဂ္ဂိုလ်မှနော်။ ဝိသေသပုဒ် ပါပါတယ်။ ကုသိုလ်ရှိတဲ့ ပုဂ္ဂိုလ်များဟာ ကုသိုလ်ကို ယူနိုင်တယ်။ ကုသိုလ်မရှိတဲ့ ပုဂ္ဂိုလ်က ကုသိုလ်ကို မယူနိုင်ဘူးနော်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး သတိ

http://www.dhammadownload.com



ထားမိလို့ရှိရင် ငါ ကုသိုလ်ရှိသလား၊ မရှိဘူး လားဆိုတာ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချ ဟုတ်ပြီလား။ ဘယ်လိုချမလဲဆိုရင် ကုသိုလ်ရှိတယ်လို့ ဆုံးဖြတ်ချက်ချပေးရမယ် ဟုတ်ပြီလား"

*(တင်ပါ့ဘုရား)*

"ဘာရှိတဲ့ ပုဂ္ဂိုလ်ပါလိမ့်"

*(ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်ပါဘုရား)*

"ဘုန်းကြီးတို့ ခဏခဏပြောခဲ့ပါတယ်။ ဒီသာသနာတွင်း ကုသိုလ်ဖြစ်တဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ လေးမျိုးရှိတယ်လို့ ပြောခဲ့တယ်။ တရားရှုမှတ်နေတဲ့ ယောဂီဟာ တရားမှတ်နေတယ်လို့ဆိုရင် နံပါတ်တစ်က အချို့ဟာ မှတ်တော့ မှတ်နေပါရဲ့။ ဆုတ်ယုတ်မှုတွေနဲ့ တရားရှုမှတ်နေလို့ 'ဆုတ်

http://www.dhammadownload.com



ယုတ်မှုတို့ဖြင့် တရားရှုမှတ်နေတဲ့ ယောဂီ' လို့ ခေါ်ရတယ်။

ဒုတိယလူက တည်တံ့ရုံမျှဖြင့် တရားရှုမှတ်နေတဲ့ ယောဂီတဲ့။ တရားကတော့ မှတ်နေတာပဲနော် မတူကြဘူး။ နံပါတ်သုံးပုဂ္ဂိုလ်ကျတော့ အထူးအားဖြင့် ကြိုးစားရှုမှတ်နေတဲ့ ယောဂီလို့ ဆိုတယ်နော်။

နံပါတ်လေးက ဉာဏ်ချင့်ယှဉ်ပြီးတော့ အားထုတ်နေတဲ့ ယောဂီဆိုပြီးတော့ ဘုရားရှင်က ယောဂီဘယ်နှစ်မျိုး ပြပါလိမ့်"

*(လေးမျိုးပါဘုရား)*

"နံပါတ်တစ်ယောဂီကို ကြည့်ကြပါစို့။ ဘာယောဂီတဲ့လဲ"

*(နံပါတ်တစ်ယောဂီပါဘုရား)*

"နံပါတ်တစ် ယောဂီက ဘယ်လိုယောဂီတဲ့လဲ။ ဒကာ၊ ဒကာမတွေ ဆုတ်

http://www.dhammadownload.com



ယုတ်မှုတွေနဲ့ တရားရှုမှတ်နေတဲ့ ယောဂီတဲ့ ဟုတ်လား”

(တင်ပါ့ဘုရား)

“သေချာနားထောင်ပြီး မိမိကိုယ်ကိုဝေဖန်ဆန်းစစ်နိုင်အောင်လို့ သေချာ နှလုံးသွင်းပေးပါ ဟုတ်ပြီလား။ ဒီပထမယောဂီဟာ တရားတော့ ထိုင်နေတယ်နော်။ တရားမမှတ်တာ မဟုတ်ဘူး။ မှတ်တော့ မှတ်နေတယ်။ ဒါပေမဲ့ သူ့အတွက် ဘာမှတိုးတက်မလာဘူး။ ထိုင်တော့ ထိုင်နေတာပဲ။ ဒေါင်ဒေါင်ခေါက်ရင် တာဝန်ကျေရုံ ဝတ်ကျေတန်းကျေလောက်ပဲ နေထိုင်တယ်။ ရက်တွေ၊ လတွေ စေ့ရောက်ဖို့ပဲ သူ့အတွက်ရှိနေတယ်။ ငါ ထူးခြားတဲ့ စွမ်းအားတွေရအောင် အားထုတ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေမရှိဘူး။ သူများထိုင်လို့ ထိုင်နေရတာပဲ။ သူ

http://www.dhammadownload.com



များထရင် ထသွားတာပဲ။ ဟုတ်ကဲ့လား။ အဲသလို ထိုင်နေတဲ့ ပုဂ္ဂိုလ်များဟာ ဆုတ်ယုတ်မှုတွေနဲ့ တရားမှတ်နေတဲ့ ယောဂီတွေနော်"

*(တင်ပါ့ဘုရား)*

"ဘာနဲ့မှတ်နေတဲ့ ပုဂ္ဂိုလ်တဲ့လဲ"

*(ဆုတ်ယုတ်မှုနဲ့မှတ်နေတဲ့ ပုဂ္ဂိုလ်ပါဘုရား)*

"ဒုတိယပုဂ္ဂိုလ်ကျတော့ တည်ရှိမှုဖြင့် တရားမှတ်နေတဲ့ ယောဂီတဲ့နော်။ ဘာတဲ့လဲ"

*(တည်ရှိမှုဖြင့် တရားမှတ်နေတဲ့ယောဂီပါဘုရား)*

"တည်ရှိလောက်ပဲ တည်တာ။ တရားကတော့ မှတ်တော့ မှတ်နေတာပဲ။ အမှတ်ကလည်း မပျက်ပါဘူးတဲ့။ အချိန်လည်း မပျက်ဘူး။ ဒါပေမဲ့ ဝိပဿနာ ရှုကွက်

http://www.dhammadownload.com



အပေါ် ထင်ထင်ရှားရှားကြီး မစူးစိုက်ဘူး။ ဝီရိယတွေနဲ့ ထင်ရှားလာအောင် ကြိုးပမ်းအားထုတ်မှု မရှိဘူး။ သာမန်ပဲ မှတ်နေတာ။ ငါမှတ်နေတာပဲလို့ စကားဖြင့် ပြောရရုံသာ မှတ်နေတယ်။ လုံ့လ ဝီရိယတွေ မရှိဘူး။ စူးစိုက်မှုနဲ့ စေ့စေ့စပ်စပ် စူးစမ်းဆင်ခြင်မှု မရှိဘူး။ တိုးတက်အောင်လည်း မကြိုးစားဘူး။ အဲဒီတော့ အဲဒီပုဂ္ဂိုလ်ဟာ တည်ရုံလောက်သာ မှတ်နေတဲ့ ယောဂီ ပုဂ္ဂိုလ် ဖြစ်တယ်၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ယောဂီနှစ်မျိုး ရှိသွားပြီနော်။ ပြန်ပြောပြပါမယ်။ ဆုတ်ယုတ်မှုတို့ဖြင့် တရားရှုမှတ်နေတဲ့ ယောဂီနဲ့ တည်ရုံကာမျှဖြင့် တရားရှုမှတ်နေတဲ့ ယောဂီ ဟုတ်လား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"တတိယပုဂ္ဂိုလ်ကတော့ အထူးကြိုးစား အားထုတ်၍ ရှုမှတ်နေတဲ့ ယောဂီတဲ့နော်"

*(တင်ပါ့ဘုရား)*

"ဝိသေသပုဒ်အားဖြင့် အထူးကြိုးစား အားထုတ်၍ ရှုမှတ်နေတဲ့ ယောဂီဟာ ကြိုးစားနေတာပဲ။ တကယ့်ကို နင်လား၊ ငါလား ကြိုးစားအားထုတ်နေတယ်။ သူဟာ ဝီရိယတွေလည်း စိုက်ထုတ်ပြီး ကြိုးစားတာဟာ သူများထသွားရင်လည်း ကြိုးစားပြီးမှတ်နေတာပဲ။ သို့ရာတွင် သူဟာ ဉာဏ်မပါပဲ ကြိုးစားနေတယ်။ ဉာဏ်စွမ်းအားက သူ့သန္တာန်မှာ ဖြစ်မလာဘူး။ ဖြစ်မလာတော့ ဒီယောဂီပုဂ္ဂိုလ်ဟာ ကြိုးတော့ ကြိုးစားနေပါရဲ့၊ ဒါပေမဲ့ သူ့အတွက် မထူးခြားဘူး။ တရားတွေ ထူးထူးခြားခြား ဖြစ်မလာ

http://www.dhammadownload.com



ဘူး။ ဘာဖြစ်လို့လဲမေးရင် ဉာဏ်မပါဘဲ အားထုတ်နေလို့ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"အားရပါးရ ဖြေစေချင်ပါတယ်။ ဘယ်လို ရှုမှတ်နေတာတဲ့လဲ"

*(ဉာဏ်မပါဘဲ ရှုမှတ်နေလို့ပါဘုရား)*

"အဲဒါဟာ တတိယယောဂီပုဂ္ဂိုလ်နော်"

*(တင်ပါ့ဘုရား)*

"နံပါတ်လေးပုဂ္ဂိုလ်က ဉာဏ်ချင့်ချိန်ပြီးတော့ အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ် ဟုတ်ပြီလား"

*(တင်ပါ့)*

"ဘယ်လိုယောဂီ ပုဂ္ဂိုလ်တဲ့လဲ။ ဉာဏ် ချင့်ချိန်ပြီးတော့ အားထုတ်နေတဲ့ ယောဂီ ပါဘုရား။ အဲဒီပုဂ္ဂိုလ်ဟာ ဉာဏ်နဲ့ကြိုးစား

http://www.dhammadownload.com



အားထုတ်နေတယ်။ အရာရာတိုင်းမှာ ဉာဏ်လေးနဲ့ အကဲခတ်နေတယ်။ မှတ်စိတ်နဲ့ အာရုံကိုက်အောင် ဉာဏ်လေးနဲ့ ယှဉ်ပြီးတော့ ကြည့်နေတယ်။ အဲဒီလိုပုဂ္ဂိုလ်ကျပြန်တော့ ဉာဏ်ယှဉ်ပြီး အားထုတ်နေတာမို့လို့ ယောဂီ ပုဂ္ဂိုလ်လေးမျိုးထဲမှာ နံပါတ်လေး ယောဂီဟာ ဘုရားရှင်အကြိုက် ယောဂီ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"တရားထူး တရားမြတ်ကို ရနိုင်တဲ့ ယောဂီလို့ ခေါ်တယ်"

*(တင်ပါ့ဘုရား)*

"ပစ္စုပ္ပန် လမ်းညွှန်ပေးနေတဲ့ ဆရာသမားရဲ့ စကားတွေ၊ အဆုံးအမတွေကို အဲဒီ နံပါတ်လေးပုဂ္ဂိုလ်က လိုက်နာကျင့်သုံးမှုတွေ ရှိနေတယ်။ ဟုတ်လား"

*(တင်ပါ့)*

http://www.dhammadownload.com



## အလိုကြီး အမြီးပေါက်

"တချို့ကျတော့ ကိုယ့်ဘာသာကိုယ်ပဲ ကြိုးစားနေပြီးတော့ ဆရာသမားရဲ့အဆုံးအမကို လိုက်နာကျင့်သုံးမှု မရှိရင် ကြိုးစားရုံနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပါ့မလား"

*(မရနိုင်ပါဘုရား)*

"ဒါကြောင့် ဆရာကောင်း၊ သမားကောင်းတွေရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးမှ ရည်မှန်းချက်ပန်းတိုင်ကို ရောက်နိုင်တယ်။ တရားတွေ ရနိုင်ပါတယ်။ ဥပမာဆောင်ပြီးတော့ ပြောပြပါမယ်။

တစ်ခါက ရွာတစ်ရွာမှာ အမျိုးကောင်းသားတစ်ယောက်ဟာ အလွန်တရာမှ အရုပ်ဆိုးပါတယ်။ သူ့နာမည်က မောင်ရုပ်ဆိုးတဲ့။ အချိန်တန် အရွယ်ရောက်တော့ သူ့ကိုရုပ်ဆိုးလွန်းလို့ အမျိုးသားရော၊ အမျိုးသမီးတွေကပါ အဖော်မလုပ်ကြဘူး။ မောင်ရုပ်

http://www.dhammadownload.com



ဆိုးဟာ ဒီလောက်ထိတောင် အရုပ်ဆိုးရှာ တယ်နော်။ ဘယ်ရွာသွားသွား မိဘတွေ ပစ္စည်းဥစ္စာရှိပေမယ့် အရုပ်ဆိုးလွန်းလို့ မည် သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှ အဖက် မလုပ်ကြဘူး။ ဒီတော့ မောင်ရုပ်ဆိုးက သူ့ ကိုယ်သူ စဉ်းစားလာတယ်။ အို… ငါ့ကို အမျိုးသားတွေကရော၊ အမျိုးသမီးတွေက ပါ အသိအမှတ် မပြုကြဘူး။ အမျိုးသမီး တွေကလည်း အိမ်ထောင်ဘက်အဖြစ် မရွေး ချယ်ကြဘူး။ ဘယ်သူမှလည်း အရေးမစိုက် ကြဘူး။ မထူးဘူးလေ ငါ့ဘဝတော့ သေ လည်းမထူး ရှင်လည်းမထူးပါဘူး။ တောင် ချောက်ကမ်းပါးတစ်ခုက ခုန်ချပြီးသေတာ မှ ကောင်းလိမ့်ဦးမယ်ဆိုပြီးတော့ တောထဲ ကို ထွက်သွားရှာတယ်။ တောအုပ်တစ်ခုမှာ ခြင်္သေ့ကြီးတစ်ကောင်နဲ့ တွေ့သတဲ့။ ခြင်္သေ့ ကြီးကလည်း အလွန်တရာ ကြောက်စရာ

http://www.dhammadownload.com



ကောင်းတဲ့ ခြင်္သေ့ကြီး။ ခြင်္သေ့ကြီးကလည်း အသင့်စောင့်နေတယ်။ မည်သည့်သတ္တဝါ လာလာ အကုန်စားမယ်ပေါ့။ အဲဒီ မောင် ရုပ်ဆိုးက ခြင်္သေ့ကြီးကို လှမ်းမြင်တော့ ဩော်... တောင်စောင့်နတ်မင်း ချောက်ကြီး ထဲ ငါ ခုန်ဆင်းစရာ မလိုတော့ဘူး။ ပင်လယ်ထဲလည်း ခုန်ဆင်းစရာ မလိုတော့ ဘူး။ ခြင်္သေ့ကြီးအစား ငါ ခံတော့မယ်။ ခြင်္သေ့ကြီးက ငါ့တစ်ကိုယ်လုံးကို စားရင် တော်တော်ဝဖြိုးလာလိမ့်မယ်။ ချမ်းချမ်းသာ သာ ရှိပါစေတော့ဆိုပြီး မောင်ရုပ်ဆိုးလည်း ဘယ်အပြောကောင်းမလဲ တစ်ခါတည်း တစ်ရှိန်ထိုးပဲ ခြင်္သေ့ကြီးဆီကို ပြေးသွားရှာ တယ်။ ပြေးသွားပြီးတော့ ခြင်္သေ့ကြီးအနား ရောက်သွားတယ်ဆိုရင်ပဲ ခြင်္သေ့ကြီးက ဒီလူ အဆန်းပါလား။ ခါတိုင်းဆိုရင် လူတွေဟာ ငါ့ကိုမြင်ရင် သိပ်ကြောက်ကြတယ်။ ပြေး

http://www.dhammadownload.com



ကုန်ကြတယ်။ ဒီလူက ငါ့အနားပြေးလာနေတယ်။ တခြားလူတွေလိုလည်း မဟုတ်ဘူးဆိုပြီးတော့ ဟော့... လူသား သင် ဘာလို့ ငါ့ဆီကို ပြေးလာနေတာလဲ၊ ငါ့ အစားခံဖို့ ဘာဖြစ်လို့ လာတာလဲလို့ မေးတော့ မောင်ရုပ်ဆိုးက ခြင်္သေ့မင်းကြီး အကျွန်ုပ်ဟာ သေလည်းမထူး၊ ရှင်လည်း မထူးပါဘူး၊ အကျွန်ုပ်ကဲ့သို့ အရုပ်ဆိုးတဲ့လူသားများအတွက် ဘဝကို ခင်တွယ်စရာလည်း မရှိတော့ပါဘူး၊ အပေါင်းအဖော်ဆိုတာလည်း မရှိပါဘူး၊ အကျွန်ုပ်ဟာ သေတာပဲကောင်းပါတယ်။ ခြင်္သေ့မင်းကြီး၊ အကျွန်ုပ်သေတာ ကောင်းပါတယ်၊ ဒါကြောင့် အကျွန်ုပ် ခြင်္သေ့မင်းကြီးရဲ့ အစားခံဖို့ လာတာပါ၊ အကျွန်ုပ်ကို အားရပါးရ ဝါးမျိုစားသုံးလိုက်စမ်းပါလို့ပြောတော့ ခြင်္သေ့မင်းကြီးက မင်း ဘာလို့ အစားခံချင်ရတာလဲ

http://www.dhammadownload.com



ကွာဆိုတော့ အကျွန်ုပ် အရုပ်ဆိုးလို့ပါ။ အကျွန်ုပ်ကို လူတွေက အပေါင်းအသင်း မလုပ်ကြဘူး။ အမျိုးသမီးတွေကလည်း အကျွန်ုပ်ကို ဘယ်သူမှ အလိုမရှိကြဘူး။ ဒီတော့ အကျွန်ုပ်အတွက် ဘာထူးမှာလဲ။ သေလည်းမထူး၊ ရှင်လည်းမထူးပါဘူး။ ခြသေ့်ကြီး ကျုပ်ကို စားသုံးလိုက်ပါဆိုတော့ ခြသေ့်ကြီးက ဩော်... မင်းက ဒီလိုလား။ မင်းက အရုပ်ဆိုးလွန်းလို့ အစားခံချင်တယ် ပေါ့လေဆိုတော့...

ဟုတ်ပါတယ်။ အကျွန်ုပ် အရုပ်ဆိုးလို့ အစားခံချင်တာပါ။ ကဲ... ဒါဆိုရင် မင်း အရုပ်ဆိုးတဲ့ဘဝက လွတ်မြောက်အောင် ငါ လုပ်ပေးမယ်။ အရုပ်ဆိုးတဲ့ဘဝက လွတ် မြောက်ဖို့အတွက် ငါ ပြောပြတာကို မင်း နားထောင်ရမယ် ဟုတ်လားလို့ ပြောတယ် နော်”

*(တင်ပဲ့ဘုရား)*

http://www.dhammadownload.com



"အရုပ်ဆိုးတဲ့ဘဝဟာ လွတ်မြောက်ဖို့အတွက် ခြသေ့်က နည်းပေးပြီ ဟုတ်လား။ ဘာတဲ့လဲဆိုရင် ခြသေ့်က မင်း ငါ့ကို ခုနစ်ပတ် ပတ်ပြီးတော့ ကပြီးတော့သွားကွာ။ ခုနစ်ပတ်ပတ်ပြီး ငါ့ကို ကပြ။ ခုနစ်ပတ်ပြည့်တာနဲ့ ငါ့ရှေ့မှာ လာရပ်။ ရပ်တာနဲ့ မင်းပုံသဏ္ဍာန်တွေ ပြောင်းလဲသွားစေရမယ်လဲဆိုရော ဘယ်ပြောကောင်းမလဲ။ မောင်ရုပ်ဆိုးက သူ့အရုပ်ဆိုးတော့ လှချင်လွန်းလို့ တစ်ခါတည်း ခြသေ့်ကြီးကို ပတ်ပြီးတော့ ကလိုက်ခုန်လိုက် ပတ်လိုက်နဲ့ ခုနစ်ပတ်လည်းပြည့်လို့ ခြသေ့်ကြီးမျက်နှာရှေ့မှာ ဒိုင်းဆို ရပ်လိုက်ရော ခြသေ့်ကြီးက ပြောတယ်။ မောင်ရုပ်ဆိုး မင်း မောင်လှဖြစ်သွားပြီ။ အရုပ်မဆိုးတော့ဘူးကွ။ မင်းမောင်ချော၊ မောင်လှ ဖြစ်သွားပြီ။ မင်းကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်စမ်းဆိုတော့

http://www.dhammadownload.com



မောင်ရပ်ဆိုးက ကြည့်တော့ ဟာ… ဟုတ်တယ်။ အရုပ်မဆိုးတော့ဘူး။ လှသွားတယ်။ ဒီတော့ ခြသေ့်ကြီးက မင်းပြန်တော့။ သို့သော် မင်း ငါ့အကြောင်းကိုတော့ လူတွေကို မပြောလေနဲ့။ မင်း ဒီကိစ္စနဲ့ပတ်သက်ပြီး လူတွေကို မပြောလေနဲ့ကွာ။ လူတွေဟာ သိပ်ပြီးတော့ လောဘ ဒေါသ မောဟတွေ သက္ကာယတွေ များတယ်ဆိုတော့ မောင်ရပ်ဆိုးက ဟုတ်ကဲ့ ကျွန်တော် ကြိုးစားပါ့မယ်လို့ ပြောပြီးတော့ မောင်ရပ်ဆိုးဟာ ပြန်သွားတယ်။ ရွာလည်းရောက်ရော လူတွေက သူ့ကို လှမ်းနှုတ် ဆက်ကြတယ်။ မောင်ရပ်ဆိုးရေ မင်း ချောလို့ လှလို့ပါလား စသည်ဖြင့် ဟိုလူကပြော ဒီလူကပြောနဲ့ အမျိုးသမီးနားတွေ ရောက်ပြန်တော့လည်းပဲ ဟာ… ကိုရပ်ဆိုးက တယ်လှနေပါလားလို့ နှုတ်ဆက်ကြ၊ စကားပြောကြ၊ အပေါင်းအဖော်

http://www.dhammadownload.com



တွေ လုပ်ကြနဲ့ဆိုတော့ သိပ်သဘောကျသွားပြီ။ သိပ်ပျော်သွားပြီ။ သူ့မှာ သူငယ်ချင်း တစ်ယောက်ကလည်းပဲ သူ့လောက် ရုပ်မဆိုးပေမယ့် မလှတလှ၊ မဆိုးတဆိုး လေး ရှိနေတယ်။ အဲဒီတစ်ယောက်ကလည်းပဲ သူ့လို သိပ်လှချင်လာတယ်နော်။ လှချင်လိုက်တာ၊ သိပ်လှချင်လာတော့ မောင်ရုပ်ဆိုးကို မေးပြီပေါ့။ ဟာ... သူငယ်ချင်း။ ငါကွာ မင်းလို သိပ်လှချင်တာပဲ။ ငါ ဘာလုပ်ရမလဲ အကြံပေးပါဦး၊ မင်းလို လှရင် သိပ်ကောင်းမယ်။ မင်းကိုလေ အမျိုးသမီးတွေမပြောနဲ့ အမျိုးသားတွေတောင် ငေးကုန်ပြီကွ။ မင်း သိပ်ချောသိပ်လှလာတာဟာ မင်း ဘယ်လိုနည်းတွေ ရလာသလဲကွာ။ ပြောပြပါဦး။ ငါ မင်းပြောတဲ့အတိုင်း လုပ်မယ်ကွာ။ သူငယ်ချင်း ပြောသာပြော စသည်ဖြင့် မေးဖန်များလာတဲ့ခါ

http://www.dhammadownload.com



ကျတော့လည်း မောင်ရုပ်ဆိုးခများ ပြောရတော့တာပေါ့။ အေးပါကွာ၊ ဒီလိုပါပဲ ငါက မထူးတော့ဘူး ဆိုပြီးတော့ သေလည်း မထူး၊ ရှင်လည်းမထူး၊ နေလည်း မထူးတော့ဘူးဆိုပြီး ငါက တောထဲကိုသွားတယ်လို့ဆိုပြီးတော့ ဓာတ်စုံလည်း ခင်းပြလိုက်ရော မောင်ရုပ်ဆိုး ပြောတဲ့အတိုင်း သူ့သူငယ်ချင်းကလည်း လှချင်တော့ ငါ့သူငယ်ချင်း ချောသလို ချောအောင်လုပ်မယ်ဆိုပြီးတော့ အဲဒီလမ်းအတိုင်း တောထဲကို သွားတယ်။ သွားရင်း သွားရင်းနဲ့ ခြသေ့်ကြီးနဲ့လည်းတွေ့ပါလေရော တွေ့တဲ့အခါ သူ့သူငယ်ချင်းကဲ့သို့ပဲ သူကလည်း မထူးတော့ဘူးဆိုပြီးတော့ ခြသေ့်ကြီးဆီ အစားခံဖို့ ပြေးသွားသတဲ့။ ပြေးသွားတော့ ခြသေ့်ကြီးဆီလည်းရောက်ရော ခြသေ့်ကြီးက ဟော့လူသား မင်း ဘာဖြစ်လို့ ငါ့ဆီကို ပြေးလာနေ

http://www.dhammadownload.com



သလဲလို့မေးသတဲ့။ ဒီတော့ ခြသေ့်ကြီး ကျွန်တော်လေ အရပ်ဆိုးတယ်။ လှချင်လို့ ခြသေ့်ကြီးထံ လာရတာပါ။ ကျွန်တော့်ကို သနားပေးပါဆိုပြီး ပြောသတဲ့။ သူကလည်း လှချင်တာကိုးနော်။ ဒီတော့ ခြသေ့်ကြီးက ဩော်... လှချင်တာကိုး။ လှချင်ရင်တော့ ကွာ မထူးပါဘူး။ ငါ ပြောပြပါ့မယ်၊ မင်း လှချင်ရင်လေ မင်း ငါ့ကိုကပြီးတော့ ခုနစ် ပတ်ပတ်။ ပြီးတော့ ခုနစ်ပတ်ပြည့်ရင် ငါ့ ရှေ့မှာရပ်၊ ရပ်ရင် မင်းမောင်ရပ်ဆိုးလှသလို ပဲ လှသွားမှာပေါ့။ နဂိုကတည်းကမှ မင်းက သိပ်အရပ်အဆိုးကြီးမှ မဟုတ်ဘဲလို့ ပြော သတဲ့။ အဲသလိုလည်းပြောလိုက်ရော သူက အားရပါးရနဲ့ ခုန်ပေါက်မြူးထူးပြီးတော့ကို ကပြီး ပတ်သတဲ့။ ခြောက်ကြိမ်မြောက်ပတ် ပြီးသွားပြီဆိုတော့ လှချင်တဲ့သူက ဘယ်လို စဉ်းစားသလဲဆိုတော့ မောင်ရပ်ဆိုးက ခုနစ်

http://www.dhammadownload.com



ပတ်ပတ်လို့ လှသွားတာ။ ရှစ်ပတ်သာပတ် လိုက်ရင်တော့ ဒီထက် ပိုလှသွားလိမ့်မယ် ဆိုပြီး တွေးသတဲ့”

(တင်ပါ့ဘုရား)

“ခုနစ်ပတ်ထက် ရှစ်ပတ်ဆိုရင် ငါ ပိုပြီး လှသွားလိမ့်မယ်။ သူ့ထက် ပိုလှအောင် သူ့ထက် ငါ တစ်ပတ်ပိုပတ်ပြလိုက်မယ်။ ဒီလို တွေးတာနော်။ လူဆိုတာ သိပ်ခက်တယ် ဒကာ၊ ဒကာမတွေ။ အေး…လူတိုင်း လူတိုင်းဟာ ပြိုင်တဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ်လည်း သတိမထားမိဘူး။ ဒါဟာ လုပ်သင့်၊ မလုပ်သင့်လဲ စဉ်းစား ဆုံးဖြတ်တတ်တဲ့ ကိုယ်ပိုင်ဉာဏ် မရှိဘူး။ မရှိတော့ ဘယ်ပြောကောင်းမလဲ ဒကာ၊ ဒကာမ။ တို့ ခုနစ်ပတ်ပြည့်လည်း သူ မရပ်တော့ဘူး။ ရှစ်ပတ် ပတ်ချလိုက်တယ်။ ရှစ်ပတ်ပြည့်လို့ ခြသေ့်ကြီးရှေ့မှာလည်း ရပ်လိုက်ရော

http://www.dhammadownload.com



ဖျက်ဆိုရင် အမြီးထွက်လာတယ်။ နောက်က အမြီးထွက်သွားပြီ ဟုတ်လား ဒကာ၊ ဒကာမတွေ။ အမြီးထွက်လာတော့ အမြီးတန်းလန်း တန်းလန်းကြီးနဲ့ ဖြစ်နေပြီ။ ဒီတော့ ခြသေ့်ကြီးကလည်း ဘာမှမတတ်နိုင်တော့ဘူး။ အဓိကက ဘာလဲဆိုတော့ ပြောပြတဲ့စကားကို နားမထောင်ဘူး။ လှချင်တာကလည်း သူများထက်လှအောင်ဆိုတဲ့ လောဘစိတ်က ကြီးထွားပြီးတော့ စည်းကမ်းမလိုက်နာဘဲ ပိုပတ်ချလိုက်တာ မလှဘဲ အမြီးတန်းလန်းကြီး မရသွားဘူးလား"

*(ရသွားပါတယ်ဘုရား)*

"ဘာဖြစ်ချင်လွန်းလို့"

*(လှချင်လွန်းလို့ပါဘုရား)*

"ပိုလှချင်လို့ ဟုတ်လား။ ပိုပြီးတော့ လှချင်လွန်းလို့ ဟုတ်လား ပရိသတ်။ တို့ ဒကာ၊ ဒကာမတွေ မလှချင်ဘူးလား"

*(.........)*

http://www.dhammadownload.com



"ဟင်... ဘာမှလည်း မကြားရဘူး။ နောက်ကယောဂီတွေ မလှချင်ဘူးလား"

(.........)

"ဟင်... မပြောကြတော့ဘူး။ လှချင်ရင်ပြောလေ၊ ဒီဘုန်းကြီးက အကြံဉာဏ်ပေးမလို့ပါ"

(.........)

## ငုပ်မိသဲတိုင် မြဲနိုင်ဖျားရောက်

"ကဲ... ဒီတော့ ဒီဥပမာလေးကို ကြည့်ခြင်းဖြင့် ပထမလူဖြစ်တဲ့ မောင်ရုပ်ဆိုးက လှချင်လို့ ဘာလုပ်သလဲဆိုရင် ပရိသတ်တို့ရေ သူဟာ စွန့်စားလိုက်တယ်။ စွန့်စားတယ်ဆိုတာက အသက်ကိုတောင် ပမာနမထားပါပဲ တကယ်ကို စွန့်စားခဲ့တာ။ စွန့်နိုင်မှ စွမ်းတာကိုး။ စွန့်မှ ဘာဖြစ်ပါလိမ့်"

*(စွမ်းပါတယ်ဘုရား)*

http://www.dhammadownload.com



"စွန့်မှ စွမ်းတယ်နော်။ စွန့်မှ စွမ်းပါတယ်၊ မျှမှ ရပါတယ်၊ ငြိမ်မှ ငြိမ်းပါတယ်တဲ့။ ဟုတ်လား ပရိသတ်။ ဒီစကားလေးသုံးလုံးကို မှတ်ထားပေးပါ။ သုံးလုံးတည်းနော်။ သုံးလုံးပဲ မှတ်ထားမယ် ဘာတဲ့။

'စွန့်မှစွမ်းတယ်၊ မျှမှရတယ်၊ ငြိမ်မှငြိမ်းတယ်' တဲ့"

*(တင်ပေါ့ဘုရား)*

"သဘောပေါက်တယ်နော်။ စွန့်စွန့်စားစားတဲ့။ စွန့်စားရဲတဲ့ ပုဂ္ဂိုလ်များရဲ့ ကျေးဇူးရလဒ်ဟာ ရှေ့မှာပန်းတိုင်။ နားလည်တယ်နော်။ စွန့်စားတဲ့နေရာမှာ 'သတိ၊ ဉာဏ်' ရှိဖို့လိုတယ်။ ဆရာသမားများ ဥပနိဿယအပြည့်ရယူပြီးတော့ စွန့်စွန့်စားစား ကိုယ်နဲ့အသက် မငဲ့ကွက်ပါပဲနဲ့ တကယ် စွန့်စားရဲသောပုဂ္ဂိုလ်၊ သတ္တိရှိရှိ ကြိုးစားစွန့်စားရဲသော ပုဂ္ဂိုလ်တို့ရဲ့ရှေ့မှာ ဘာရှိတာတဲ့လဲ"

*(ပန်းတိုင်ပါဘုရား)*

http://www.dhammadownload.com



"ရှေ့မှာ ပန်းတိုင်ရှိတယ် ဟုတ်လား။ ရှေ့မှာပန်းတိုင်က ကြိုဆိုလျက် ရှိနေတယ်။ ပန်းတိုင်ဆိုတာ အရိယာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ ပန်းတိုင်၊ သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ ပန်းတိုင်၊ အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတဲ့ ပန်းတိုင်၊ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတဲ့ ပန်းတိုင်။ အဲဒီ ပန်းတိုင်တွေရှိတယ် ဟုတ်လား"

*(တင်ပါ့ဘုရား)*

"အဲဒီပန်းတိုင်ကို ရောက်လိုတဲ့ပုဂ္ဂိုလ်တွေဟာ ဘာလုပ်ရမှာတဲ့လဲ"

*(စွန့်စားရပါမယ်ဘုရား)*

"စွန့်စားရတယ်။ ပြန်ပြောပါ့မယ်။ စွန့်နိုင်ရင် စွမ်းတယ်။ မစွန့်နိုင်ရင် မစွမ်းဘူး။ မစွမ်းနိုင်ဘူး ဟုတ်လား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



## ချင့်ချင့်ချိန်ချိန် သုခမိန်

"ဘုန်းကြီးတို့ ယောဂီတွေ၊ လောကမှာ လူတွေဟာ တရားတော့ ရှာကြတယ်နော်"

*(တင်ပါ့ဘုရား)*

"တရားတော့ ရှာကြပါတယ်။ ဆုံးခန်းတိုင်ရောက်အောင် မကြိုးစားကြဘူး။ လမ်းခုလတ်၌ပင်လျှင် ရပ်ကုန်ကြတယ်နော်။ တရားတိုးတက်ဖို့ ရှိနေပါလျက် မိမိသန္တာန်ထဲမှာ သဒ္ဓါဓာတ်ကလေးတွေ ဆုတ်ယုတ်လာတယ်။ တရားမှတ်ရင်း မှတ်ရင်းနဲ့ သဒ္ဓါဓာတ်တွေ ဆုတ်ယုတ်ပြီးတော့ စိတ်အစဉ်ထဲမှာ ဆက်ကိုလက်ပြီး အားထုတ်မယ့် ဝီရိယဓာတ်တွေကို မဖြစ်ပါဘဲနဲ့ အိမ်ပြန်လိုတဲ့ စိတ်တွေ ပေါ်လာတယ်။ သဒ္ဓါ၊ ဝီရိယတွေ လျော့နည်းလာတယ်။ အဲဒီသဒ္ဓါ

http://www.dhammadownload.com



တရား၊ ဝီရိယတရားတွေ လျော့နည်းသွားခြင်းကြောင့် စွန့်စားလိုမှု မရှိတော့ဘူး”

*(တင်ပါ့ဘုရား)*

“ဟုတ်လား။ ဘုန်းကြီးပြောခဲ့ပြီးပြီ။ ‘စွန့်နိုင်ရင် စွမ်းတယ်’ သဘောပေါက်တယ်နော်”

*(တင်ပါ့ဘုရား)*

“စွန့်မှစွမ်းတယ်။ ပြီးတော့ကော”

*(မျှရင်ရပါတယ်ဘုရား)*

“မျှမှရတယ်နော်။ မျှတရတယ်ပြောတာပေါ့။ ဣရိယာပုတ်တွေ မျှတရတယ်။ ဣရိယာပုတ်တွေ မျှတရတယ် ဆိုတာက အထိုင်အထ မျှတရတယ်။ ထိုင်လို့ချည်းလည်းပဲ မနေရဘူး။ စင်္ကြံကမ္မဋ္ဌာန်းလေးတွေ၊ ရပ်မှတ်ခြင်းတွေ၊ ထိုမှတ်ခြင်းတွေကို မျှမျှတတနဲ့ နေထိုင်တတ်ရတယ်။ ပြီးတော့ အစားအသောက် မျှတရတယ်။အနေ

http://www.dhammadownload.com



အထိုင် မျှတရတယ်။ အသွားအလာ မျှတရတယ်။ အသွားများရင်လည်းပဲ မဖြစ်ပြန်ဘူး။ မတော်တဲ့စကား ဝိုင်းဖွဲ့ ပြောနေတဲ့နေရာတွေဟာလည်းပဲ ယောဂီအတွက် မမျှတတဲ့နေရာပဲ။ ရှောင်တတ် တိမ်းတတ် နေတတ် ထိုင်တတ်ရတယ်”

(*တင်ပေါ့ဘုရား*)

“နော်။ အထိုင်နဲ့အထ၊ အသွားနဲ့အလာ ညီမျှဖို့ သိပ်လိုအပ်တယ်။ အစားအသောက်ဆိုတာကလည်းပဲ ချင့်ချိန်ပြီးတော့မျှမျှတတ စားသုံးတတ်ရတယ်။ အအိပ်၊ အနေ အကုန်လုံး မျှတရတယ်။ အရေးကြီးတယ်နော်။ ဣရိယာပုတ်မျှတပြီးတော့ အစားအသောက် အနေအထိုင်ကအစ စကားပြောတာကအစ မျှမျှတတ ကြိုးစားမယ်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ပန်းတိုင်ကို ရောက်မှာပဲ”

(*တင်ပေါ့ဘုရား*)

http://www.dhammadownload.com



# မငဲ့မထောက် ပန်းတိုင်ရောက်

"နော်။ မှတ်ထားပေးပါ။ အရေးကြီးပါတယ်။ မျှမှရတယ် မမျှရင် မရပါဘူး။ ခုနလေးက ဒုတိယလူသည် ဒကာ၊ ဒကာမတွေ သိပ်လှချင်တယ်နော်။ သူ့သူငယ်ချင်းမောင်ရုပ်ဆိုးက သိပ်လှသွားတာကိုး။ လှသွားတဲ့ မောင်ရုပ်ဆိုးက ဘာကြောင့် လှသွားတာလဲဆိုရင် စွန့်စားရဲလို့ ဟုတ်လား။

*(တင်ပါဘုရား)*

"စွန့်လို့စွမ်းသွားတာ အစွမ်းထက်သွားတာ။ သူ့ဘဝမှာ မမျှော်လင့်ဘဲ ရူပကာယရုပ်ရည်ကလေး ချောမွေ့ပြီးတော့ ဘဝအတွက် ကံကောင်းသွားရှာတယ်။ နော် သူဟာ စွန့်စားတယ်။ သေလည်း မထူးဘူး၊ ရှင်လည်း မထူးဘူးဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ သေတာပဲ ကောင်းပါတယ်ဆိုပြီး ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား၊ တုန်လှုပ်ခြင်း မရှိဘူး။

http://www.dhammadownload.com



တကယ့်ကို စွန့်စားတဲ့စိတ်ဓာတ်နဲ့ သွားတာ မဟုတ်လား"

*(တင်ပါ့ဘုရား)*

"ပြီးတော့ ခြသေ့ကို မြင်ပြန်တော့လည်းပဲ တုန်လှုပ်ချောက်ချားခြင်း မရှိဘူး။ လှည့်ပြန်ပြေးချင်တဲ့ နောင်တတွေ မဖြစ်ပါဘဲနဲ့ ရဲရဲဝံ့ဝံ့ အစားခံတယ်"

*(တင်ပါ့ဘုရား)*

"ဟန်လုပ်ထားတာလား၊ တကယ် အစားခံတာလား"

*(တကယ်အစားခံတာပါဘုရား)*

"ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိပါဘဲနဲ့ တကယ့်ကို အစားခံတယ်။ အဲဒါကြောင့်လည်းပဲ ခြသေ့ဆိုတဲ့ ပညာရှိပုဂ္ဂိုလ်က သူ့ကံတရားလေးတွေ ကံကောင်းဖို့အတွက် ဖန်တီးပေးလိုက်တယ်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"အေး... မင်း စွန့်စားခြင်းရဲ့ အကျိုး ရလဒ်က တန်ဖိုးရှိပြီကွာ။ သွားတော့ဆိုပြီး အောင်မြင်မှု မရလိုက်ဘူးလား"

*(ရပါတယ်ဘုရား)*

"အေး... လောကမှာ ရဟန်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် မည်သည့်ပုဂ္ဂိုလ်မဆို ကုသိုလ်တရားတွေ စွမ်းစွမ်းတမံ လုပ်တော့မယ်ဆိုရင် အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် စွန့်စားရဲရတယ်နော်။ ဘုန်းကြီးတို့သာသနာ ဝန်ထမ်း ရဟန်းတော်များဘဝဆိုရင်လည်း ငယ်ရွယ်စဉ်တုန်းကပဲ သာသနာ့ထဲကို ရောက်တော့မယ်ဆိုပြန်တော့ ဦးစွာပထမ မိဘနှစ်ပါးနဲ့ စွန့်ရတယ်"

*(တင်ပါ့ဘုရား)*

"အလွန်တရာ ချစ်ခင်ရပါတဲ့ မိဘနှစ်ပါး။ မိခင်ဖခင်တို့အပေါ်မှာ အလွန်ချစ်ပါတယ်။ အဖေအမေနဲ့ ခွဲခွာရမှာကို သိပ်ပြီး

http://www.dhammadownload.com



ကြောက်ရွံ့ခဲ့တယ်။ တစ်သက်ပတ်လုံးပဲ အဖေအမေအနားမှာ နေသွားမယ်။ အဖေ အမေကို ပြုစုယုယပြီး စောင့်ရှောက်မယ်။ ဒီလိုရှိခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ့်ဘဝကို လှမ်းကြည့်တဲ့ခါမှာ မဖြစ်သေးဘူး။ သူတို့ ကလည်း ကိုယ့်ကိုထာဝရ မစောင့်နိုင်ဘူးဆို ပြီးတော့ အားတင်းပြီး ခွဲခွာဖို့ကြိုးစားရ တယ်။ ခွဲခွာရတော့မယ့်ဆဲဆဲလေးမှာ မျက် ရည်ပေါက်ကြီးငယ်ကျပြီး စိတ်ကိုတင်းရပါ တယ်"

*(တင်ပဲ့ါဘုရား)*

"ဒါဟာ နံပါတ်တစ် စွန့်စားခြင်းတစ် ခု။ အမိအဖ ညီအစ်ကိုမောင်နှမ မိသားစု တွေနဲ့ ခွဲခွာရမယ်ဆိုတာ သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ငယ်ရွယ်စဉ်ဘဝ ကတည်းက စွန့်စားရပါတယ်"

*(တင်ပဲ့ါဘုရား)*

http://www.dhammadownload.com



"သူ့လို ငါလို လူတွေကိုတော့ မဆို လိုပါဘူး။ တကယ့်ရည်မှန်းချက်ကြီးကြီး နဲ့ အလုပ်ကြီး လုပ်လိုတဲ့ ပုဂ္ဂိုလ်တွေ၊ ဘဝ ကို ရင်နာတဲ့ ပုဂ္ဂိုလ်တွေ၊ ဘဝအတွက် ရတက်အေးရအောင် တကယ့် ဒုက္ခငြိမ်း အောင် ကြိုးစားလိုတဲ့ ပုဂ္ဂိုလ်တွေအတွက် လောကကြီးကို စွန့်ရတယ်"

*(တင်ပဲ့ဘုရား)*

"လောကကို စွန့်စားရဲရတယ်။ မစွန့် စားရဲရင်တော့ ဘယ်တော့မှ လောကမှာ အထွဋ်အထိပ်ကို မရောက်နိုင်ဘူး။ ဒကာ ဒကာမတွေ နားလည်တယ်နော်"

*(တင်ပဲ့ဘုရား)*

## ဆင်းရဲခံမှ ချမ်းသာရ

"သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝ ဆိုတာ ခက်တယ် ဒကာ၊ ဒကာမတွေ"

*(တင်ပဲ့ဘုရား)*

http://www.dhammadownload.com



"ကိုယ့်အိမ်ကိုယ့်ရာမှာ နေခဲ့စဉ်တုန်းကတော့ ညီအစ်ကို မောင်နှမတွေ၊ မိဘတွေ၊ မိသားစုတွေက ကိုယ့်အပေါ် အလိုလိုက် အကြိုက်ဆောင်ကြတယ်။ စားချင်သမျှ ကျွေးကြတယ်။ အစစအရာရာပေါ့။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝလည်းရောက်ရော၊ အပူစားချင်ပြန်တော့လည်းပဲ အအေးချည်းပဲ စားရတယ်။ အအေးစားချင် ပြန်တော့လည်း အပူပဲစားရတယ်။ ဒါကိုလည်း အများကြီး သည်းခံခဲ့ရတယ်။ ဘုန်းကံတွေ မရှိသေးခင်တော့ အစစအရာရာ ပိုပြီး ဆင်းရဲတာပေါ့။ လူတွေလည်းအသိအကျွမ်း မရှိသေးဘူး။ ဒီတော့ ဖြစ်သလိုပဲ စားရတယ်။ ဖြစ်သလိုပဲ ဝတ်ရတယ်။ ဖြစ်သလိုပဲ နေရတယ်။ ဟုတ်လား"

*(တင်ပေါ့ဘုရား)*

http://www.dhammadownload.com



"အဲဒီလောကဓံတွေကိုလည်းပဲ သည်းခံ ရပါတယ်။ ဒီထက်မက ပြောပြဖို့ မတတ်နိုင်တဲ့ စွန့်စားခြင်း ကြီးငယ်တွေ အများကြီး ရှိပါသေးတယ်နော်။ ဒကာ၊ ဒကာမတွေ စွန့်စားခြင်းသည် မည်သည့်ပုဂ္ဂိုလ်မဆို စွန့်နိုင်တဲ့ ပုဂ္ဂိုလ်များအတွက် စွမ်းတယ်လို့ ပြောတယ်။ ဒါကြောင့် စွန့်စားရတယ်။ တရားတွေ အားထုတ်တဲ့အခါမှာလည်း စွန့်စားရတယ်။ တရားတွေ တိုးတက်ဖို့ ကိုယ့်အတွက် အဓိကပန်းတိုင်ထားရတယ်။ ထွက်လာတဲ့ နေမင်းကြီး ပြန်မဝင်ခင် ငါ့အတွက် ကြီးမားသော အခွင့်ကောင်းကြီးတစ်ခု ဖြစ်စေရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုး မိမိကိုယ်ကို ချတတ်ရမယ်နော်"

*(တင်ပဲ့ဘုရား)*

"ပရိယတ္တိ ဝိသာရဒ ဂုဏ်တွေနဲ့လည်းပဲ ပြည့်စုံဖို့ လိုအပ်တယ်။ ပဋိပတ္တိ ဝိသာရဒ ဂုဏ်တွေလည်း ပြည့်စုံနေဖို့ လိုအပ်

http://www.dhammadownload.com



တယ်။ ပရိယတ်၊ ပဋိပတ် ကျွမ်းကျွမ်းကျင်ကျင်ရှိဖို့ လိုအပ်တယ်။ ဒါလေးတွေ ဒီလိုပေါ်လာရင် ဒီလို မှတ်ရမယ်။ ဒီလို ကျင့်သုံးရမယ်ဆိုတဲ့ ကြိုတင်ပြီး စွမ်းအားလေးတွေကို စုစည်းထားတတ်ရတယ်”

*(တင်ပဲ့ဘုရား)*

“တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ မေတ္တာလက်နက် ကိုင်ဆောင်ရပါတယ်။ ဒါကို လက်နက်ကောင်းလို့ ခေါ်တယ်။ အရန်ကမ္မဋ္ဌာန်းပေါ့။ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းဖို့ လိုအပ်တယ်နော်”

*(တင်ပဲ့ဘုရား)*

“ဝိပဿနာတစ်ခုတည်းကို အားထုတ်တတ်ရုံနဲ့ မပြီးသေးဘူး။ သမထစွမ်းအားတွေလည်း လိုအပ်ရင် လိုအပ်သလို ထည့်ပေးရတယ်။ ဒါကြောင့် တရားအားထုတ်တယ်ဆိုတာ ဟောဒီ ယခုလို ရိပ်သာထဲမှာ လာအားထုတ်တာကတော့ ဘာအန္တရာယ်

http://www.dhammadownload.com



မှ မရှိဘူးနော်။ ဘုန်းကြီးတို့ အရန်သင့် ဆောက်လုပ်ပေးထားတဲ့နေရာမှာ လာရောက်ပြီးတော့ ရှေးဘုန်းရှေးကံရှိတဲ့ သံဃာတော်တွေက ကြိုးစားပမ်းစား ပြုလုပ်ထားတဲ့ အဆောက်အဦးတွေ၊ နေရာထိုင်ခင်းတွေ၊ စားစရာတွေ စသည်ဖြင့် ရုပ်ပြသာသနာပြု အဆောက်အဦးတွေ တည်ထောင်ထားခြင်းကြောင့် ဒကာ၊ ဒကာမတွေအတွက် လိုလေသေးမရှိ အဆင်သင့် ဖြစ်မနေဘူးလား"

*(ဖြစ်နေပါတယ်ဘုရား)*

"ဘုန်းကြီးများ ဒီနေရာကို ရောက်ခါစတုန်းက ဒီနေရာမှာ ဘာမှမရှိခဲ့ပါဘူး။ ဘာမှမရှိတဲ့ ဝါးကျောင်းလေး တစ်ဆောင်သာရှိတယ်။ အဲဒါကနေပြီးတော့ သာသနာပြုလုပ်ငန်းကြီးကို စတင်ပြီးတော့ သမထ၊ ဝိပဿနာ နှစ်ရပ်တို့ကို လက်ကိုင်ထားပြီး ကြိုးစားလာခဲ့ရပါတယ်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"စွန့်စွန့်စားစားပေါ့နော်။ အဲသလို စွန့်စားပြီးတော့ မိမိသန္တာန်မှာ ဒါနအလုပ်တွေ၊ သီလအလုပ်တွေ၊ သမထအလုပ်တွေ၊ ဝိပဿနာအလုပ်တွေ အဲသလို အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ တရားထူးတရားမြတ် ကုသိုလ်စွမ်းအားလေးတွေကို ပြုဖန်များလာတော့မှ အခုလို ဖြစ်လာခဲ့တာပါ"

*(တင်ပါ့ဘုရား)*

"အလိုလို ဖြစ်လာတာလား၊ စွန့်စားလို့လား"

*(စွန့်စားလို့ပါဘုရား)*

"ဒကာ၊ ဒကာမတွေ ယခုလို အားပါးတရ တရားနာနိုင်တာလေးဟာလည်း စွမ်းအားတစ်ခုပါပဲ"

*(တင်ပါ့ဘုရား)*

"ဦးစွာပထမ ဘုန်းကြီးတို့ ရိပ်သာစဖွင့်စဉ်တုန်းကဆိုရင် သာမန်လောက်ပါပဲ။

http://www.dhammadownload.com



ဟော့ဒီ ဓမ္မာရုံက ဝါးလေးကာပြီး အုန်းမိုး ထားတာနော်။ ကြမ်းတောင် မခင်းရပါဘူး။ မြေကြီးပေါ်မှာပဲ ထိုင်ရတယ်နော်”

*(တင်ပါ့ဘုရား)*

“ပြီးတော့မှ ဒကာ၊ ဒကာမတွေ ဝိုင်း လှူကြလို့ အခင်းလေးဖြစ်လာတယ်။ အကာ မရှိသေးဘူး။ ဖျာကြီးတွေ၊ ဝါးထရံတွေကာ ပြီး ထားရတယ်။ တဖြည်းဖြည်း မြို့သူ မြို့သား နယ်သူနယ်သား ဒကာဒကာမများ စွမ်းဆောင်မှုကြောင့် ယခုလို ချမ်းသာစွာ နေထိုင်လာကြတယ်နော်”

*(တင်ပါ့ဘုရား)*

“အရင်တုန်းက မီးဆိုရင်လည်း ဖယောင်းတိုင်လေးထွန်းပြီး အားထုတ်ခဲ့ရ တယ်။ အခုဆိုရင်တော့ လျှပ်စစ်မီးတွေနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်လာတယ်။ ဟုတ်လား”

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"အဲသလို ဆင်းရဲခြင်းရဲ့ နောက်ကွယ်မှာ ဘာရှိသလဲ"

*(ချမ်းသာခြင်းပါဘုရား)*

## ဘယ်သူမပိုင် ဘုံဆိုင်မှတ်ကြ

"ချမ်းသာခြင်း ရှိပါတယ်။ စွန့်စားရင် ကြိုးစားရင် အောင်မြင်မှုရတယ်ဆိုတာကို ဒကာ၊ ဒကာမတွေကို သိစေချင်လို့ပါ"

*(တင်ပါ့ဘုရား)*

"မည်သည့်ပုဂ္ဂိုလ်မဆို ကြိုးစားရင် ဘာမဆို မဖြစ်နိုင်ဘူးလား"

*(ဖြစ်နိုင်ပါတယ်ဘုရား)*

"မလုပ်ရင်တော့ မဖြစ်ဘူးပေါ့။ တကယ်လုပ်ရင် အဟုတ်ဖြစ်ပါတယ်။ ဒါဆိုရင် တိုးတက်လာတဲ့ ရုပ်ပိုင်းဆိုင်ရာတွေဟာ အထင်ကြီးစရာလားဆိုရင် မဟုတ်ပါဘူး။ ဘုန်းကြီးတို့က ကိုယ့်ကိုယ်ကိုယ်လည်း

http://www.dhammadownload.com



အထင်ကြီးစရာ ဘာမှမရှိပါဘူး။ ဟောဒီကျောင်းတိုက်ကြီးတွေဟာလည်းပဲ ဘုန်းကြီးများနဲ့ ဘာမှမဆိုင်ပါဘူး။ ဒါဟာ သာသနာပြု နေရာဌာနလေး တစ်ခုအဖြစ် ဘုန်းကြီးတို့က ဖန်တီးပေးတဲ့သဘော သက်သက်ပါ။ ဟုတ်ပြီလား"

*(တင်ပါ့ဘုရား)*

"ဒီကျောင်းတိုက် အဆောက်အအုံ နေရာဌာနတွေနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ နည်းနည်းလေးမှ ငဲ့ကွက်မှု မရှိပါဘူး။ တွယ်တာမှုလည်း မရှိပါဘူး။ တွယ်တာလို့လည်း မရပါဘူး။ ဘာဖြစ်လို့လဲမေးတော့ မည်သည့်အရာမဆို မြဲမြဲခြင်း မရှိဘူးဆိုတာ ကြိုတင်ပြင်ဆင် သဘောပေါက်ထားတယ်။ အရာမှန်သမျှတွေဟာ ရုပ်လောကဖြစ်ဖြစ်၊ နာမ်လောကဖြစ်ဖြစ် မည်သည့် ပုဂ္ဂိုလ်မဆို ရုပ်နာမ်လောက မှန်သမျှတို့ဟာ မြဲမြဲခြင်း

http://www.dhammadownload.com



မရှိ၊ ခိုင်ခံ့ခြင်းမရှိ၊ တည်မြဲခြင်းမရှိဘူး။ ဟုတ်ကဲ့လား"

*(တင်ပါ့ဘုရား)*

"မိမိရုပ်နာမ်လောကတောင်မှ မြဲမြံခြင်းလည်းမရှိ၊ တည်မြဲခြင်းလည်းမရှိ၊ ခိုင်ခံ့ခြင်းလည်း မရှိဘူးဆိုရင် ခန္ဓာကိုယ် အကြောင်းရင်းကိုစွဲပြီး ဖြစ်ပေါ်လာသော ခန္ဓာပွားတွေ၊ ရုပ်ပွားတွေ နာမ်ပွားတွေဟာလည်းပဲ နိစ္စလောက မရှိပါဘူး။ အနိစ္စလောကသာ ဖြစ်ပါတယ်။ ဘာတဲ့လဲ"

*(အနိစ္စလောကပါဘုရား)*

"သုခလောကလား၊ ဒုက္ခလောကလား"

*(ဒုက္ခလောကပါဘုရား)*

"အတ္တလောကလား၊ အနတ္တလောကလား"

*(အနတ္တလောကပါဘုရား)*

http://www.dhammadownload.com



"အနတ္တလောကကြီးပါ။ အဲသလို အနိစ္စလို့ မြင်ဖို့လိုတယ်။ ခန္ဓာမှာရှိနေတဲ့ အနိစ္စကို အနိစ္စလို့ မြင်မယ်။ ဒုက္ခကို ဒုက္ခလို့ မြင်မယ်။ အနတ္တကို အနတ္တလို့ မြင်ရမယ်"

*(တင်ပဲ့ဘုရား)*

## ဆင်ခြင်တွေးဆ သင်္ခါရ

"အရှိကို အရှိအတိုင်း မြင်ရမယ်နော်။ အပို မမြင်ရဘူး။ အပိုမြင်အောင်လည်း မကြိုးစားရဘူး"

*(တင်ပဲ့ဘုရား)*

"သဘောပေါက်တယ်နော်။ အနိစ္စဆိုတဲ့ သဘောအပေါ်မှာ ဉာဏ်ကလေးနဲ့ သိရုံလောက်သာ သိဖို့လိုတယ်။ အနိစ္စလက္ခဏာ ဉာဏ်ကလေးတွေ ပေါ်လွင်နေဖို့ အနိစ္စလက္ခဏာ ဖုသနဉာဏ်၊ အနိစ္စကိုမြင်တဲ့

http://www.dhammadownload.com



သဘော၊ အနိစ္စရဲ့ လက္ခဏာကို မြင်တဲ့ သဘော၊ အနိစ္စ လက္ခဏာခေတ်ကလေးကို တွေ့ထိတဲ့သဘော၊ အနိစ္စလက္ခဏာထိုက်တဲ့သဘော ဟုတ်လား”

(တင်ပါ့ဘုရား)

“မမြဲတဲ့ အမူအယာ၊ အဲဒီမမြဲတဲ့ အမူအယာရဲ့ ပြောင်းလဲနေတဲ့ သဘော၊ ပြောင်းလဲနေတာက လက္ခဏာ၊ ဟုတ်လား။ ပြောင်းလဲနေတဲ့ တစ်နေရာနဲ့ တစ်နေရာ မတူတာလေးတွေ ပြောင်းလဲနေတဲ့သဘောကို လက္ခဏာလို့ ခေါ်တယ်။ အဲဒီမမြဲမှုသဘောလေးကို ဉာဏ်နဲ့ လှမ်းပြီးတွေ့နေတာ အရသာပေါ်လွင်နေတယ်။ အဲဒီ မမြဲတဲ့သဘော၊ အဲဒီ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် လက္ခဏာကို ဉာဏ်နဲ့လှမ်းပြီးတော့ မြင်နေတယ်။ တွေ့ထိနေတယ်။ အဲဒီတွေ့ထိတဲ့ဉာဏ်သည် ဖုသနသဘော။ ဉာဏ်

http://www.dhammadownload.com



နဲ့ တွေ့ထိနေတယ်။ ခန္ဓာရဲ့ ပြောင်းလဲမှု လက္ခဏာ၊ ခန္ဓာ၏ ဖြစ်မှုပျက်မှု လက္ခဏာ ခေတ်ကလေးတွေကို ဉာဏ်လေးနဲ့လှမ်းပြီး တစ်မှတ်ချင်း၊ တစ်မှတ်ချင်း လှမ်းတွေ့နေ တယ်။ အဲဒါကို အနိစ္စလက္ခဏာ ဖုသနု။ အဲဒါလေးကို မြင်ရင်း မြင်ရင်း၊ မှတ်ရင်း မှတ်ရင်းနဲ့ ဖျတ်ဆိုရင် အနိစ္စတွေ ချုပ် ပျောက်သွားတာက လက္ခဏာဉာဏ်၊ အဲဒီ ဉာဏ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကူးသွား တာနော်"

*(တင်ပါ့ဘုရား)*

"ဒါကြောင့် ဒကာ၊ ဒကာမတွေက ခန္ဓာကိုယ်ကြီးရဲ့ အနိစ္စကိုသာ မြင်အောင် ကြည့်"

*(တင်ပါ့ဘုရား)*

"ခန္ဓာကိုယ် ဘယ်နေရာပဲကြည့်ကြည့် ဆံပင်၊ ဆံချောင်းလေးကအစ ဟိုခြေဖျားထိ

http://www.dhammadownload.com



ကြည့်၊ တစ်ကိုယ်လုံးမှာ အနိစ္စကလွဲလို့ တခြားမရှိဘူးနော်”

*(တင်ပါ့ဘုရား)*

“နိစ္စရှိသလား၊ မြဲတာရှိရဲ့လား”

*(မရှိပါဘုရား)*

“မြဲတဲ့နေရာလေး ဘယ်နားမှာ တစ်ခု ရှိနေလေသလဲလို့ အပ်ဖျားလေးနဲ့ ထောက်ထောက်ပြီး ရှာဘိသကဲ့သို့ တစ်ကိုယ်လုံးမှာ ဉာဏ်တည်းဟူသော အပ်ဖျားလေးနဲ့ ထောက်ထောက်ပြီးတော့ ကြည့်ရင် မြဲမြံခြင်းလောက ရှိ၊ မရှိ”

*(မရှိပါဘုရား)*

“ချမ်းသာခြင်းဘဝ ရှိ၊ မရှိ”

*(မရှိပါဘုရား)*

“ခိုင်မြဲခြင်းလောကကြီး ရှိ၊ မရှိ”

*(မရှိပါဘုရား)*

http://www.dhammadownload.com



## သတိ ပညာ မွေးမြူပါ

"ဒါလေးတွေကို ကွင်းကွင်းကွက်ကွက် မြင်အောင်ကြည့်၊ မရှိတာမြင်ရင် အဲဒီပုဂ္ဂိုလ် လမ်းမပေါ်ရောက်သွားပြီ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဩော်... အနိစ္စ လက္ခဏာခေတ် ကလေးတွေ မြင်သွားပြီဆိုရင် ဝိပဿနာ လမ်းမပေါ် ရောက်သွားပြီ။ ဒီထက် ပိုမသိချင်နဲ့"

*(တင်ပါ့ဘုရား)*

"ဒကာ၊ ဒကာမတွေက အလုပ်လုပ်ရင် သိချင်တဲ့စိတ်က ရှေ့က ရောက်နေတယ်။ အလုပ်က နောက်က၊ ရချင်တာလေးက ရှေ့က ဖြစ်ပါ့မလား"

*(မဖြစ်ပါဘုရား)*

"ဆန္ဒတွေက သိပ်စောနေတယ် ဟုတ်လား။ စိတ်ဆန္ဒတွေက သိပ်စောနေတော့

http://www.dhammadownload.com



ရချင်တဲ့စိတ်တွေ လွန်ကဲနေရင်လည်း တရားက ရပ်နေတတ်တယ်နော်”

*(တင်ပါ)*

“လွန်ကဲမှု လုံးဝ မရှိပြန်တော့လည်းပဲ ရလိုတဲ့စိတ် လုံးဝ မရှိပြန်ရင်လည်း လျော့ရဲနေတတ်ပြန်တယ်။ တရားသဖြင့် လိုချင်စိတ်တော့ ရှိရမယ်။ အလွန်လည်း မပြင်းထန်ရဘူး။ လျော့လည်း မလျော့ရပါဘူး။ တင်းလည်း မတင်းရပါဘူး ဟုတ်လား”

*(တင်ပါ့ဘုရား)*

“ခပ်မှန်မှန်လေးနဲ့ တစ်ချိန်ချိန်မှာ ငါ ရောက်အောင်သွားမယ် ဒီလိုမျိုး ရှိရမယ်။ သွားတဲ့အခါမှာလည်း မမောအောင် သွားရမယ်နော်။ တောင်ကြီးပေါ် တက်လို့ရှိရင် အပြေးတက်ရင် ဘာဖြစ်တယ်”

*(မောပါတယ်ဘုရား)*

http://www.dhammadownload.com



"အမောဆို့ပြီးတော့ မသွားနိုင်တော့ဘူး။ ရင်တွေတုန်လာတယ်။ အဲသလို တအားမောပမ်းနေပြန်တော့လည်း ရှေ့ဆက်သွားရတာ အဆင်မပြေတော့ဘူး။ ဒါကြောင့် သတိနဲ့ဉာဏ် ယှဉ်တွဲပြီး ခပ်မှန်မှန်လေး ကြိုးစားပြီးသွားမယ်ဆိုရင် တောင်ပေါ်ကို မရောက်နိုင်ဘူးလား"

*(ရောက်နိုင်ပါတယ်ဘုရား)*

"ဘာလို့ ရောက်နိုင်တာလဲဆိုရင် ကြိုးစားပြီး သတိ၊ ဝီရိယ၊ ဉာဏ်တွေနဲ့ ချိန်ပြီးသွားလို့ ရောက်တာနော်။ ဒါဆိုရင် တောင်အောက်ကနေပြီးတော့ လူတစ်ယောက်က တောင်ပေါ် မော့ကြည့်ပြီးတော့ တောင်ပေါ်ရောက်ချင်လိုက်တာလို့ အောက်က အော်ငိုနေရုံနဲ့ တောင်ပေါ်ရောက်ပါ့မလား"

*(မရောက်နိုင်ပါဘုရား)*

http://www.dhammadownload.com



"ဘာဖြစ်လို့ မရောက်တာလဲဆိုရင် ရောက်အောင်မှ မသွားဘဲ။ မသွားလို့ မရောက်တာပါ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒါကြောင့် သွားပြန်တော့လည်းပဲ မပြင်းထန်ရဘူး"

*(တင်ပါ့ဘုရား)*

"အရာရာမှာ သတိ၊ ဉာဏ်ရှိရတယ်။ ဒီဘုရား သာသနာကြီးရဲ့ အဓိက ဆောင်ပုဒ်ဟာလည်း 'သတိ၊ ပညာ' လိုရင်းသာ တည်းလို့ဆိုတဲ့ သတိ၊ ပညာ သာသနာပဲ"

*(တင်ပါ့)*

## ဆုံးမစကား မလေးစား

"အဲဒီ သတိနဲ့ပညာ ဖြစ်ဖို့အတွက်သာ သမာဓိတွေကို ဝီရိယတွေနဲ့ သဒ္ဓါတရားဆို

http://www.dhammadownload.com



တဲ့ လက်နက်တွေသုံးပြီး ထူထောင်ရတာ မဟုတ်လား"

*(တင်ပါ့ဘုရား)*

"အေး... ခုနက ဥပမာထဲက ဒုတိယ လူကို ကြည့်လိုက်ပါဦး။ လှချင်လိုက်တာ၊ သူများလှလို့ လှချင်တယ်။ ကိုယ့်မှာက သတိ နဲ့ အသိဉာဏ်က အားနည်းတယ်။ သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးရမယ်ဆိုတဲ့စကား နားထောင်တတ်တဲ့ဉာဏ် မပါဘူး။ ပညာကို ရှေ့တန်း မတင်ဘဲ လောဘကိုသာ ရှေ့တန်းတင်ထားတယ်။ လောဘနဲ့ ဆက်စပ်တဲ့ ဝီရိယကိုပဲ ထားတယ်။ ခြသေ့်ကြီးက ခုနစ်ပတ်ပဲ ပတ်ရမယ်လို့ ပြောပေမယ့် နားထောင်ရဲ့လား"

*(မထောင်ပါဘုရား)*

http://www.dhammadownload.com



"နားမထောင်ဘဲနဲ့ ကိုယ်လုပ်ချင်သလို မလုပ်ဘူးလား"

*(လုပ်ပါတယ်ဘုရား)*

"လုပ်လိုက်တဲ့အခါကျတော့ သူက ပို ပြီးတော့ လှလာတာလား၊ အမြီးပေါက်တာ လား"

*(အမြီးပေါက်ပါတယ်ဘုရား)*

"ကောင်းတာလား၊ ဆိုးတာလား"

*(ဆိုးတာပါဘုရား)*

"အဲသလို ဆိုးပြီး ဆင်းရဲခြင်းဖြစ်သွား တာကို ဆန်းစစ်ကြည့်လို့ရှိရင် ဆရာ့စကား နားထောင်လို့လား၊ မထောင်လို့လား"

*(နားမထောင်လို့ပါဘုရား)*

"နားမထောင်တဲ့အပြင် သူများထက် ပိုလှအောင်ဆိုတဲ့ လောဘတက်လာလို့နော်။ သူ့ရဲ့ လောဘက ဝိသမလောဘ ဖြစ်သွား

http://www.dhammadownload.com



တယ်။ ရိုးရိုးလောဘက ကိစ္စမရှိသေးဘူး။ ဝိသမလောဘဆိုရင်တော့ ဘဝပျက်စီးရတယ်နော်"

*(တင်ပါ့ဘုရား)*

"ကဲ... ဒုတိယလူဟာ ခုနစ်ပတ်နဲ့ မရပ်ဘဲ လောဘစိတ်နဲ့ ရှစ်ပတ်လည်းပတ်လိုက်ရော ခန္ဓာကိုယ် ဘာဖြစ်သွားတာတဲ့လဲ"

*(အမြီးထွက်သွားပါတယ်ဘုရား)*

"အမြီးထွက်လာတော့ ဘဝပျက်မသွားဘူးလား"

*(ပျက်သွားပါတယ်ဘုရား)*

"ပျက်စီးသွားရှာတယ်နော်။ အေး ဒါကြောင့် ဒကာ၊ ဒကာမတွေ အမြီးမထွက်စေနဲ့၊ ရှင်းရဲ့လား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



## မလျှော့တဲ့ဇွဲ အားမာန်ခဲ

"အမြီးထွက်အောင်တော့ မလုပ်နဲ့။ ပုံမှန်လုပ်ပါနော် မှန်မှန်လေးပေါ့။ အမြီးထွက်တယ်ဆိုတာ အတ္တာလွန်ကဲတဲ့သဘော။ တချို့ပုဂ္ဂိုလ်တွေက တရားအားထုတ်တယ်ဆိုရင် ဇွဲသိပ်ကောင်းတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ ဇွဲတွေ သိပ်တင်းလိုက်တော့ တင်းရင်း တင်းရင်းနဲ့ ဇွဲက ဒိုင်းဆိုရင် အောက်ကို ပြန်ပြုတ်ကျတယ်။ ပြန်တင်ဖို့ စွမ်းအားကလည်း မရှိတော့ဘဲနဲ့ အင်း... ငါလည်း တရားတော့ တော်တော်ထိုင်ပြီးပြီ၊ တော်တော်လည်း ကြိုးစားပြီးပြီ၊ သူများတွေထက်တောင် ပိုထိုင်သေးတယ်။ ဒါပေမဲ့ တရားလည်း မရဘူး။ အိမ်ပြန်တာပဲ ကောင်းပါတယ်ဆိုပြီးတော့ ကျသွားတဲ့ဇွဲ အပေါ် ပြန်မတင်နိုင်ဘဲ အိမ်မပြန်ရဘူးလား"

*(ပြန်ရပါတယ်ဘုရား)*

http://www.dhammadownload.com



"ဒါဟာ ဝီရိယတွေလွန်ကဲပြီး ဝီရိယနောက်က ဉာဏ်မလိုက်နိုင်တဲ့အခါမျိုးမှာ စိတ်တွေ ပျံ့လွင့်ကုန်တယ်။ ဝီရိယနဲ့သမာဓိ မမျှတရင် စိတ်တွေ ပျံ့လွင့်ကုန်ပြီးတော့ သမာဓိ မတည်ကြည်ဘဲ ကုသိုလ်အာရုံနဲ့ မပျော်နိုင်တော့ဘူး ဟုတ်ကဲ့လား"

*(တင်ပါ့ဘုရား)*

"ဒါကြောင့် အရာရာမှာ မျှတရတယ်လို့ ပြောတာပါ။ အရေးကြီးလို့ပြောတာပါ။ တရားအားထုတ်တဲ့အခါမှာ သမာဓိနဲ့ ဝီရိယဟာ မျှတရတယ်။ သဒ္ဓါနဲ့ ပညာဟာလည်း မျှတရတယ် ညီမျှနေရတယ်။ တန်းတူ ဖြစ်နေရတယ်။ အရည်အချင်း တူရတယ်။ ယောဂီဟာ အဲဒီတရားလေးခုကို သတိနဲ့ ချင့်ချိန်တတ်ရတယ်။ သတိတစ်ခုကသာ ပိုသွားတယ်လို့ မရှိပါဘဲနဲ့ ကျန်တဲ့ သမာဓိဆိုတာလည်း လွန်ကဲတတ်ပါတယ်။ သဒ္ဓါ

http://www.dhammadownload.com



ဆိုတာလည်း လွန်ကဲတတ်တယ်။ ဝီရိယ လည်း လွန်ကဲတတ်တယ်။ ပညာဆိုတာ လည်း လွန်ကဲတတ်တယ်။ ဒါကြောင့် တစ်ခုခု လွန်ကဲပြီဆိုရင် သတိနဲ့ပြန်ပြီးတော့ ကုသိုလ်စွမ်းအားတွေဖြစ်အောင် ထူထောင်ရတယ် ဟုတ်လား”

*(တင်ပါ့ဘုရား)*

“ခုနကပြောသလို ကုသိုလ်အာရုံနဲ့ မပျော်နိုင်တော့ဘူးဆိုရင် အိမ်ပြန်ချင်လာလို့ ပြန်ပြီဆိုကတည်းက အားထုတ်ရင် ဆက်တိုးတက်မယ့် တရားအာရုံတွေ မဆုံးရှုံးရဘူးလား”

*(ဆုံးရှုံးပါတယ်ဘုရား)*

“ဒီနေရာရောက်ပြီး တရားအားထုတ်ဖို့ အခွင့်အရေးဆိုတာ လွယ်ပါ့မလား”

*(မလွယ်ပါဘုရား)*

http://www.dhammadownload.com



## စောင်းကြိုးပမာ ကျင့်သုံးပါ

"အဘက်ဘက်က အကြောင်းတိုက်ဆိုင်ဖို့ တော်တော်ကြိုးစားပြီးမှ ရောက်လာကြတာပါ။ အိုးပစ်၊ အိမ်ပစ်၊ မိသားစုတွေ၊ စီးပွားရေးတွေ ခဏပစ်ခဲ့ပြီးတော့မှ အားလုံးကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကအစ အစစပြည့်စုံမှ ရောက်လာနိုင်တဲ့ နေရာလေးမှာ ဖျတ်ခနဲ ပေါ်လာတဲ့ အိမ်ပြန်ချင်တဲ့ စိတ်တစ်ချက်နဲ့ ပြန်ရမှာလား။ ဒါမှမဟုတ် ဒီစိတ်ကလေးရဲ့ မမြဲတဲ့သဘောကို သတိဉာဏ်နဲ့ အကဲခတ်ပြီး သတိနဲ့ သိမ်းဆည်းရမှာလား"

*(သတိနဲ့ သိမ်းဆည်းရမှာပါဘုရား)*

"ဒီပေါ်တဲ့စိတ်ကတော့ တစ်ချိန်လုံးမြဲနေရဲ့လား"

*(မမြဲပါဘုရား)*

http://www.dhammadownload.com



"ဒီမမြဲတဲ့သဘောကို အကဲခတ်ထားရင် ဒီအိမ်ပြန်ချင်တဲ့စိတ်ဟာလည်း ခဏပါပဲ။ ချုပ်ပျောက်ရတာပါပဲ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဘာစိတ်ကလေးပဲပေါ်ပေါ် သတိနဲ့ကပ် ဉာဏ်ကလေးနဲ့ မှတ်လိုက်ရင် ဘာလေးပေါ်ပေါ် ချုပ်ပျောက်မနေဘူးလား"

*(ချုပ်ပျောက်နေပါတယ်ဘုရား)*

"ဒီလိုသာ သတိ၊ ဉာဏ်မဦးစီးပါပဲနဲ့ ကုသိုလ်စွမ်းအားတွေကို မထူထောင်နိုင်ဘူးဆိုရင် ဘာနဲ့တူလာသလဲဆိုတော့ နတ်ပြည်မှာ နတ်သား၊ နတ်သမီးတွေဟာ မသေခင် ပုံစံတွေ ပြောင်းလဲလာကြတယ်လေ။ တစ်သက်လုံးမှာ ဘယ်တော့မှ မပျင်းခဲ့တဲ့ နတ်သားနတ်သမီးတွေဟာ မသေခင် စုတိစိတ်မကျမီ (၇) ရက်လောက်မှာ ပျင်းလာသတဲ့။ အဝတ်တွေ အထည်တွေဟာ ဘယ်တော့

http://www.dhammadownload.com



မှ မနွမ်းပေမယ့် စုတိစိတ်ကျခါနီးမှာ နွမ်းလာတယ်တဲ့။ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ခန္ဓာကိုယ်ကြီးဟာ ဘယ်တော့မှ ပြောင်းလဲမှု မရှိခဲ့ပေမယ့် စုတိစိတ်ကျခါနီးမှာ အိုမင်းရင့်ရော်ပြီး ပြောင်းလဲရာတယ်တဲ့။ နန္ဒဝန်ဥယျာဉ်ထဲမှာ အလွန့်အလွန်မွေ့လျော်ခဲ့ပေမယ့် အဲဒီဥယျာဉ်ထဲမှာ သွားရောက်ပြီး မပျော်ချင်တော့ဘူး။ စိတ်ဓာတ်တွေ ကျဆင်းသွားရာတယ်။ ခုနစ်ရက်ပြည့်တဲ့နေ့ စုတိစိတ်ကျပြီးတော့ ဒေါမနဿစိတ်နဲ့များ စုတိစိတ်ကျလို့ရှိရင် ငရဲဒယ်အိုးထဲကို တစ်ခါတည်း ဆင်းရတာပဲနော်"

*(တင်ပါ့ဘုရား)*

"ဒါကြောင့် ဘဝဆိုတာ ၄က်ခါးပျံသလိုပဲ ဒကာ၊ ဒကာမ[illegible]။ တစ်ခါတစ်ရံမှာ ဘဝအဆင့် မြင့်နေတယ်။ တစ်ခါတစ်ရံ

http://www.dhammadownload.com



မှာ ဘ၀အောက်တန်း ကျနေပြန်တယ်။ ဘ၀ဆိုတာဟာ မခိုင်မြဲဘူးနော်။ ဘာဖြစ်လို့ မခိုင်မြဲတာလည်းဆိုရင် မိမိသန္တာန်မှာ ခိုင်နိုင် မြဲနိုင်တဲ့ တရားဓာတ်တွေ မရှိသေးလို့။ ခုပဲကြည့်လေ တရားမှတ်ရင်းနဲ့ ဝီရိယတွေ လွန်ကဲ၊ ပညာမလိုက်နိုင်တော့ ကုသိုလ်အာရုံနဲ့ မပျော်တော့ပါပဲနဲ့ အကုသိုလ်အာရုံနဲ့ ပျော်ချင်လာတယ်”

*(တင်ပါ့ဘုရား)*

“ဒါဟာ မခိုင်မြဲလို့ပဲ။ ခိုင်မြဲတဲ့စိတ် မိမိသန္တာန်မှာ မရှိသေးလို့ပဲ”

*(တင်ပါ့ဘုရား)*

“ဒါကြောင့် လွန်ကဲသော ဝီရိယလည်း မရှိရအောင်၊ သတိနဲ့ စောင့်ရှောက်ရမယ်။ လွန်ကဲသော သဒ္ဓါလည်း မဖြစ်စေရဘူး။ လွန်ကဲသော သမာဓိ၊ လွန်ကဲသော ပညာတွေ ဖြစ်နေမယ်ဆိုရင် ဒီပုဂ္ဂိုလ် မဂ်ဖိုလ်

http://www.dhammadownload.com



နိဗ္ဗာန်ကိုရောက်မှာ မဟုတ်ပါဘူး၊ မရောက်ပါဘူး"

*(တင်ပါ့ဘုရား)*

"ပညာလွန်ကဲရင်လည်း ကောက်ကျစ်တတ်တယ်နော်။ ဉာဏ်လွန်ကဲရင် ကိုယ့်ကိုယ်ကိုယ်လည်း ကောက်ကျစ်တတ်သလို၊ သူတစ်ပါးကိုလည်း ကောက်ကျစ်တတ်တယ်နော်"

*(တင်ပါ့)*

"အတွေးတွေ လမ်းချော်နေတတ်တယ်။ အသိတွေများပြီး လမ်းချော်နေတတ်တယ်။ ကိုယ့်ကိုယ်ကိုယ် အတွေးတွေနဲ့ အထင်ကြီးနေတတ်တယ်နော်။ ဒါဟာ မဂ်ပဲ။ ငါ မဂ်ရပြီ စသည်ဖြင့် အတွေးတွေချော်ပြီးတော့ အတွေးတွေနဲ့ပဲ စိတ်ကူးယဉ်နေတတ်တယ်။ ကိုယ့်ကိုယ်ကိုယ် တရားအမှတ်ကလေးတွေ ကောင်းသွားလို့ မှတ်

http://www.dhammadownload.com



စိတ်နဲ့ အာရုံနဲ့ ကိုက်ကိုက်နေရင်း တစ်ခါ တစ်ရံ ဖျတ်ခနဲ ထိန မိဒ္ဓ အစားထိုး ဝင် သွားတာလေးကို မင်္ဂလို့ ထင်သွားတယ်။ ငါ သောတာပန်တည်ပြီ။ ငါ တရားရထား ပြီလို့ တွေးနေရော့။ ကဲ... အဲသလို အထင် ကြီးသွားပြီဆိုရင် အဲဒါ ပညာလွန်ကဲနေ တာ"

*(တင်ပဲ့ါဘုရား)*

"ဒီပုဂ္ဂိုလ် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ဝေးသွားပြီ ဟုတ်လား။ နားလည်တယ်နော်။ ဒါကြောင့် တရားမှတ်တဲ့ပုဂ္ဂိုလ်ဟာ သဒ္ဓါနဲ့ပညာ မျှတ ဖို့လိုအပ်တယ်။ ဝီရိယနဲ့ သမာဓိ မျှတဖို့ လိုအပ်တယ်။ သတိကတော့ ဘယ်တော့မှ ပိုတယ်မရှိဘူး။ အလိုပဲ ရှိနေတယ်နော်"

*(တင်ပဲ့ါဘုရား)*

"ဝီရိယနဲ့ သမာဓိ၊ သဒ္ဓါနဲ့ပညာ မျှတ ဖို့အတွက် သတိသည် လိုရင်းပဲ။ သတိက

http://www.dhammadownload.com



ပဲ အမြဲတမ်း ထိန်းပေးရတယ်။ ဒါကြောင့် ယောဂီများကို ခဏခဏ ပြောနေတယ်။ ယောဂီများ သတိထားကြ။ အရာရာတိုင်းမှာ သတိနဲ့ဆောင်ပြီး ထားကြ။ အမှတ်တွေ လွဲနေတယ် သတိထားကြလို့ သတိကို ရှေ့တန်းတင်ပြီး ဘုန်းကြီးများ ခဏခဏ ပြောနေတယ်။ လိုအပ်လို့ ပြောနေတာနော်။ ဘာဖြစ်လို့ သတိကို အထူးအားဖြင့် ပြောနေရသလဲဆိုရင် ဉာဏ်ကိုလည်း ဒီသတိကပဲ ထိန်းရတယ် ဟုတ်လား"

*(တင်ပါ့ဘုရား)*

"သဒ္ဓါကိုလည်း သတိကပဲ ထိန်းပေးရတယ်။ ဝီရိယကိုလည်း သတိကပဲ ထိန်းပေးရတယ်။ သမာဓိကိုလည်း ဒီသတိကပဲ ထိန်းပေးရတယ် ဟုတ်လား"

*(တင်ပါ့ဘုရား)*

"သမာဓိလွန်ရင် ဘာဖြစ်တတ်သလဲဆိုရင် အိပ်ငိုက်လာတတ်တယ်။ သမာဓိ

http://www.dhammadownload.com



လွန်ရင် သတိကင်းတော့ အပ္ပမာဒနေရာမှာ ပမာဒက အစားထိုးလိုက်ခြင်းကြောင့် အိပ်ငိုက်ပြီး မြောနေတတ်တယ် မဟုတ်လား"

*(တင်ပါ့ဘုရား)*

"အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သတိ ဖျတ်ခနဲ ကင်းတာနဲ့ တရားမှတ်တာလား၊ မတရားမှတ်တာလား"

*(မတရားမှတ်တာပါဘုရား)*

"ဟုတ်တယ် လွဲနေတယ်ပေါ့။ နားလည်တယ်နော်"

*(တင်ပါ့)*

"အမှတ်သတိ ကင်းတဲ့စိတ်ဟာ မကောင်းတဲ့ဘဝကို ပို့ပေးတတ်တယ်။ ဒါကြောင့် သတိရှိပေးရတယ်နော်။ သတိထားပေးရပါတယ်။ သတိနဲ့ဉာဏ်နဲ့ ဉာဏ်နဲ့ သတိနဲ့နော်။ ယှဉ်တွဲထားရတယ် ဟုတ်လား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"အဲသလို တွဲတွဲပြီး ကြည့်လို့ရှိရင် သန္တာန်ထဲမှာ အမှားပျောက်ပြီး အမှန်ရောက်နိုင်တယ်နော်"

*(တင်ပဲ့ါဘုရား)*

## အစွန့်တတ်မှ အနေမြတ်

"ကဲ... ဟုတ်ပြီ ဒကာ၊ ဒကာမတို့။ ခုနလေးက ပြောခဲ့တဲ့ သာဓကလေး ပြန်ကောက်ကြစို့။ ဒီ ဒုတိယ အမျိုးသားသည် သွားတော့သွားတယ်နော်။ သွားပင်သွားငြားသော်လည်း သူက လိုချင်စိတ်က ကောက်ကျစ်တယ်။ ပြန်ကောက်ကြည့်ဦး။ သူက လှချင်တယ်နော်။ လှချင်လို့ ခြသေ့်ကြီးက ပြောမယ်ဆိုတာ သိလို့သွားတာ။ တကယ် အသက်စွန့်ရဲလို့ သွားတာဟုတ်ရဲ့လား"

*(မဟုတ်ပါဘုရား)*

http://www.dhammadownload.com



"မောင်ရပ်ဆိုးကျတော့ တကယ့်ကို သေလည်းမထူး၊ ရှင်လည်းမထူးဘူးဆိုပြီး တကယ့်ကို စွန့်စားပြီးတော့ကို သွားတာ။ ငါ့အတွက် လောကမှာနေလို့ ဘာထူးဦးမှာ လဲဆိုတဲ့စိတ်နဲ့ တကယ့်ကို စွန့်စွန့်စားစား ဝီရိယနဲ့သွားတာ။ ဟို... ဒုတိယလူနဲ့ ဝီရိယ ချင်းတူရဲ့လား"

*(မတူပါဘုရား)*

"ဟို... ဒုတိယလူက တကယ်စွန့်စား တာ ဟုတ်ရဲ့လား"

*(မဟုတ်ပါဘုရား)*

"ဒုတိယလူက လောဘနဲ့ သွားတာ နော်။ သွားကတည်းကိုက လှချင်လို့ လောဘနဲ့သွားတာ ဟုတ်ကဲ့လား"

*(တင်ပါ့ဘုရား)*

"ရချင်၊ လိုချင်တဲ့စိတ်က ရှေ့ကရောက် နေတယ်။ လိုချင်တဲ့စိတ်က ရှေ့တန်းကိုပြေး

http://www.dhammadownload.com



နေတယ်။ ရှေ့တန်းပြေးတော့ ကပြီးပတ်ပြရတော့လည်း ရှေ့တန်းက လောဘနဲ့ ပိုလှချင်နေပြန်တော့ ပြောစကား နားထောင်ရဲ့လား”

*(မထောင်ပါဘုရား)*

“နားမထောင်တော့ ရည်မှန်းချက်ပြည့်ရဲ့လား”

*(မပြည့်ပါဘုရား)*

“အောင်မြင်မှုကောရရဲ့လား”

*(မရပါဘုရား)*

“လွန်ကဲတာကိုး။ ကဲ... ဒါကြောင့်မို့လို့ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂီများဟာ ပထမလူလိုပဲ စွန့်စွန့်စားစား ဆောင်ရွက်တတ်ရမယ်။ ဆရာသမားဆိုတဲ့ ခြသေ့်ရဲ့ ပြောပြတဲ့ စကားအတိုင်း မျှမျှတတ၊ စကားလည်း တစ်သဝေမတိမ်း နားထောင်တတ်ရမယ်။ သူသည် ခုနစ်ပတ်ဆိုရင် ရှေ့ကို

http://www.dhammadownload.com



နည်းနည်းလေးမှ မကျော်ပါဘဲနဲ့ ခုနစ်ပတ်ပြည့်တာနဲ့ စိတ်တွေလည်း လှုပ်ရှားမှုမရှိပါပဲနဲ့ ငြိမ်သက်စွာပဲ ခြသေ့်ကြီးရှေ့မှာ ရပ်လိုက်တဲ့အတွက်ကြောင့် ဘဝမှာ သူလိုချင်တဲ့ ငြိမ်းအေးတဲ့ အောင်မြင်မှု မရဘူးလား"

*(ရပါတယ်ဘုရား)*

## မလှုပ်ကြွေ ငြိမ်ငြိမ်နေ

"အဲဒါဟာ ဒုတိယလူလို စိတ်တွေ မငြိမ်သက်ပါပဲ ပိုလှအောင် ရှစ်ပတ်ပတ် မယ်ဆိုတဲ့ အတွေးမျိုး ဝင်သလား၊ ငြိမ်ငြိမ် သက်သက်နဲ့ ရပ်တာလား"

*(ငြိမ်ငြိမ်သက်သက်နဲ့ ရပ်တာပါဘုရား)*

"အဲသလို ငြိမ်တဲ့အတွက်ကြောင့် ငြိမ်းအေးတဲ့ အောင်မြင်မှု မရဘူးလား"

*(ရပါတယ်ဘုရား)*

http://www.dhammadownload.com



"ငြိမ်လို့ ငြိမ်းရတာ မဟုတ်ဘူးလား"

*(ဟုတ်ပါတယ်ဘုရား)*

"ငြိမ်ရင် ငြိမ်းတယ်နော်။ ဒါကြောင့် ယောဂီများမှာ တရားအားထုတ်တဲ့နေရာမှာ ဣရိယာပုတ်တိုင်းမှာ အထိုင်အထ၊ အသွားအလာ၊ အစားအသောက်၊ ရေမိုးချိုးခြင်း၊ တွေကအစ အစစအရာရာမှာ ငြိမ်မနေရဘူးလား"

*(ငြိမ်ရပါမယ်ဘုရား)*

"ရုပ်ကိုလည်း ငြိမ်အောင် စောင့်ရှောက်ရသလို၊ နာမ်တရားတည်းဟူသော စိတ်တွေကိုလည်း ငြိမ်အောင် စောင့်ရှောက်ရပါမယ်"

*(တင်ပါ့)*

"စကြံ့ ကမ္မဋ္ဌာန်းတွေ ဆိုရင်လည်း မျက်လုံးတွေကအစ ခြေလှမ်းလှမ်းတာက

http://www.dhammadownload.com



အစ၊ ကိုယ်လက်အမူအယာ ပြုပြင်တာက အစ ငြိမ်အောင် စောင့်ရှောက်ရမယ်နော်"

*(တင်ပဲ့)*

"တချို့ ယောဂီများဆိုရင် စင်္ကြံ ကမ္မဋ္ဌာန်းများ လျှောက်လိုက်ပြီဆိုရင် မျက်လုံးတွေက မငြိမ်ပါပဲနဲ့ ဟိုကြည့် ဒီကြည့်၊ တောင်ကြည့် မြောက်ကြည့်နဲ့။ ကိုယ်လက် တွေကိုလည်း ဟိုလှုပ် ဒီလှုပ်နဲ့။ ခြေလှမ်းတွေဆိုရင်လည်း အလွန်တရာ ကျဲတာတို့၊ အလွန်တရာ စိပ်တာတို့၊ ကြွတာ ဆိုရင် ခြေထောက်ကြီးတွေကို မြင်မကောင်း အောင် တအားကြီးကို မြှောက်ကြွတာတို့ ရှိပါတယ်။ ဒီလိုမျိုးတွေ မလုပ်ရပါဘူး"

*(တင်ပဲ့ဘုရား)*

"စင်္ကြံလျှောက်လေးအစ ခြေလှမ်းတာ လေးထိ သတိကလေးနဲ့ငြိမ်အောင် ပြုပြင် ရပါတယ်။ ရုပ်ငြိမ်မှလည်း စိတ်ငြိမ်သလို

http://www.dhammadownload.com



စိတ်ငြိမ်မှလည်း ရုပ်ငြိမ်ပါတယ်။ ငြိမ်မှလည်း သမာဓိတွေ ဖြစ်လာမယ်။ ပညာတွေ ဖြစ်ခွင့်ရပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ အောင်မြင်မှုပန်းတိုင်ကို လှမ်းမတက်နိုင်ဘူးလား”

*(တက်နိုင်ပါတယ်ဘုရား)*

## ပေါ်တာလိုက်ရှု ငြိမ်းအေးမှု

“ဒါကြောင့်မို့လို့ ဒီနေ့ ကမ္မဋ္ဌာန်းတရားတွေ ကျင့်ကြံပွားများ ကြိုးစားအားထုတ်တဲ့ ယောဂီများဟာ ဝိပဿနာဉာဏ်နဲ့ပတ်သက်လာရင် စွန့်စားရဲရပါမယ်”

*(တင်ပါ့ဘုရား)*

“ရှင်းပြီနော်။ ခန္ဓာက ဘယ်လောက်ပဲ ဖောက်ပြန်ဖောက်ပြန်၊ ဘယ်လိုပဲပေါ်ပေါ်၊ စိတ်က ဘယ်လောက်ပဲ လှုပ်ရှားမှုပဲပေါ်ပေါ်၊ စိတ်တွေ ခဏခဏ အပြင်ထွက်လို့

http://www.dhammadownload.com



လည်း စိတ်ခတ်တွေ မကျပါစေနဲ့။ စိတ်ခတ်ကျတယ်ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား"

*(အကုသိုလ်ပါဘုရား)*

"စိတ်ဆိုတာ ကိုယ့်သဘောမှ မဟုတ်ဘဲ ဒကာ၊ ဒကာမတွေ"

*(တင်ပါ့)*

"သူ့သဘော သူဆောင်နေတာ ဟုတ်လား။ စိတ်ထွက်ရင် ထွက်မှန်းသိ၊ သတိကလေးနဲ့ ကပ်ထားလိုက် ဒါပဲ။ စိတ်ကူးနေရင်လည်း ဩော်... စိတ်ကူးနေပါပေါ့လားလို့ စိတ်ကူးတာကို ကူးမှန်းသိလိုက်ရင် ရပ်သွားတာပဲ ဟုတ်လား"

*(တင်ပါ့)*

"ဒါဟာ တရားပဲ။ စိတ္တာနုပဿနာပဲနော်။ ကိုယ်က စိတ်ကူးပေါ်ရင်သာ ပေါ်

http://www.dhammadownload.com



မှန်းသိအောင် ကြိုးစား။ ဝေဒနာပေါ်ရင် ပေါ်မှန်းသိအောင် ကြိုးစား ဟုတ်လား။ ဘယ်အာရုံလေးပဲပေါ်ပေါ် ပေါ်တဲ့အာရုံလေးကို သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ စောင့်ကြည့် အကဲခတ်လို့ရှိရင် ပေါ်လာတဲ့ အာရုံ မှန်သမျှတွေဟာ မြဲသလား၊ မမြဲဘူးလား"

*(မမြဲပါဘုရား)*

"ဘယ်အာရုံပေါ်ပေါ် ပေါ်ပြီး ပျက်စီးနေတာပဲ။ ဖြစ်ပြီးပျက်စီးနေတဲ့ သဘောပဲ ရှိပါတယ်။ စွန့်စွန့်စားစား ကြိုးစားဖို့သာ လိုရင်းနော်"

*(တင်ပါ့ဘုရား)*

"မျှမျှတတ အားထုတ်ပေးဖို့ပဲ လိုပါတယ် ဟုတ်လား"

*(တင်ပါ့)*

"ရှင်းပြီနော်"

*(ရှင်းပါတယ်ဘုရား)*

http://www.dhammadownload.com



"ပြီးတော့ ငြိမ်မှ ငြိမ်းတယ်တဲ့။ ငြိမ်ရင် ဘာဖြစ်တာတဲ့လဲ"

*(ငြိမ်းပါတယ်ဘုရား)*

"ငြိမ်းတယ်နော်။ ငြိမ်ရမယ်ဆိုတာ စိတ်ကိုပြောတယ်။ ဘာငြိမ်ရမှာလဲဆိုရင် စိတ်နော်။ စိတ်ငြိမ်မှ ကိုယ်ငြိမ်တယ်ဆိုတော့ ကိုယ်ရော စိတ်ရော ငြိမ်လာရမယ်လို့ ဆိုလိုတာ"

*(တင်ပါ့ဘုရား)*

## စွန့်စားမှုတာ နိဗ္ဗာန

"စိတ်ငြိမ်ရင် ကိုယ်ကာယကြီးလည်း ငြိမ်ပါတယ်။ စိတ်မငြိမ်ရင် ကိုယ်ကာယကြီးလည်း မငြိမ်ပါဘူး။ နားလည်တယ်နော်"

*(တင်ပါ့)*

http://www.dhammadownload.com



"ငြိမ်သက်မှုတော့ ရလာတယ်။ သို့သော် ငြိမ်သက်မှုရလာတယ်ဆိုတဲ့ နေရာမှာ ဝေဒနာတွေ ပြင်းထန်လို့၊ ဝေဒနာကို တိုက်ထုတ်နေလို့ ငြိမ်နေတာကတစ်မျိုး၊ နောက်ပြီး စိတ်ကူးတွေယဉ်ပြီးတော့ ငြိမ်နေတာက တစ်မျိုး။ မှတ်စိတ်နဲ့ အာရုံနဲ့ကိုက်လို့ ငြိမ်နေတာကတစ်မျိုး ဟုတ်တယ်နော်။ အဲဒီ ငြိမ်နေတာတွေထဲမှာ မှတ်စိတ်နဲ့၊ အာရုံနဲ့ ကိုက်ညီပြီး ငြိမ်နေဖို့ လိုအပ်တယ်နော်"

*(တင်ပါ့ဘုရား)*

"ဝေဒနာရဲ့ ဖြစ်ပျက်ကို ဉာဏ်နဲ့မြင်ပြီးတော့ ငြိမ်နေမယ်ဆိုရင် အဲသလို ယောဂီများရဲ့ ငြိမ်ခြင်းဟာ 'ငြိမ်း' လာမှာပေါ့"

*(တင်ပါ့ဘုရား)*

"ဩော်... လောဘအစရှိတဲ့ အကုသိုလ်တရားတွေ ငြိမ်းလာမယ်။ အကုသိုလ်

http://www.dhammadownload.com



အပူခါတ်၊ အလောင်ခါတ်တွေ ငြိမ်းရင် ဆင်းရဲမှာလား၊ ချမ်းသာမှာလား”

*(ချမ်းသာမှာပါဘုရား)*

“သူတစ်ပါးက ပေးမှာလား၊ ကိုယ်က ကြိုးစားရမှာလား”

*(ကိုယ်က ကြိုးစားရမှာပါဘုရား)*

“ဒါကြောင့် ဒကာ၊ ဒကာမတွေ ဒီလို ကုသိုလ်စွမ်းအားလေးတွေ မိမိသန္တာန်ထဲမှာ ရှိမယ်။ အားထုတ်လိုတဲ့စိတ်လည်း ရှိမယ်။ ကြိုးစားအားထုတ်တဲ့ စွမ်းအားလည်း ရှိမယ်။ ကဲ... သဒ္ဓါ ဝီရိယ ဆန္ဒလေးတွေ လည်းရှိမယ်။ ဒီကုသိုလ်စွမ်းအားလေးတွေ မရမချင်း ငါ အားထုတ်မယ်ဆိုပြီး ကဲ... ထိုင်တဲ့အခါမှာလည်း မှူမှူတတ၊ ရပ်တဲ့ အခါမှာလည်း မှူမှူတတ၊ စားတဲ့အခါမှာ လည်း မှူမှူတတ၊ လျှောင်းထိုင်ရပ်သွားဆို

http://www.dhammadownload.com



တဲ့ လေးပါးသောဣရိယာပုတ်ထဲမှာ သတိထား၊ ဝီရိယစိုက်၊ ပညာအသိနဲ့ ကြည့်လိုက်မယ်ဆိုရင် အရှုခံမှန်သမျှတွေဟာ ဖြစ်ပြီးပျက်စီးနေလို့ ဘာသစ္စာ"

*(ဒုက္ခသစ္စာပါဘုရား)*

"လှမ်းပြီးကြည့်နေတာလေးက ဘာသစ္စာ"

*(မဂ္ဂသစ္စာပါဘုရား)*

"သေသွားတာက ဘာသစ္စာပါလိမ့်"

*(သမုဒယသစ္စာပါဘုရား)*

"ငြိမ်းတာက ဘာသစ္စာ"

*(နိရောဓသစ္စာပါဘုရား)*

"သစ္စာလေးပါး ပေါ်မပေါ်"

*(ပေါ်ပါတယ်ဘုရား)*

"သစ္စာလေးပါး ထိုက်မထိုက်"

*(ထိုက်ပါတယ်ဘုရား)*

http://www.dhammadownload.com



"ကဲ… သစ္စာလေးပါး ထိုက်အောင် စွန့်စွန့်စားစား မှျမှျတတနဲ့ ကြိုးစားကာ ငြိမ်းတဲ့ နိဗ္ဗာန်ဆီသို့ မျက်မှောက်ပြုအောင် ကြိုးစားနိုင်ကြပါစေ"

*(သာဓု… သာဓု… သာဓု)*

**သုခီအတ္တာနံ ပရိဟရန္တု**

http://www.dhammadownload.com

## တရားအားထုတ်ခါနီး ပရိကံပြုရန်

အဟံဘန္တေ၊ သံသာရဝဋ္ဋ ဒုက္ခတော၊ မောစနတ္ထာယ၊ ဣမံ အတ္တာနံ၊ ဗုဒ္ဓဿ၊ ဓမ္မဿ၊ သံဃဿ၊ အာစရိယဿ၊ အတ္တာယ ဇီဝိတံ နိယျာဒေမိ ပရိစ္စဇာမိ။

ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော–သံသရာတည်းဟူသော ဝဋ်ဆင်းရဲဘေးအပေါင်းမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရစေခြင်း အကျိုးငှာ၊ ဣမံ အတ္တာနံ–ဤခန္ဓာငါးပါးကို၊ ဗုဒ္ဓဿ–မြတ်စွာဘုရားအားလည်းကောင်း၊ ဓမ္မဿ–တရားတော်မြတ်

http://www.dhammadownload.com



အား လည်းကောင်း၊ သံဃဿ–သံဃာတော်အရှင်မြတ်အား လည်းကောင်း၊ အာစရိယဿ–ဆရာမြတ်အား လည်းကောင်း၊ အတ္တာယ–အကျိုးငှာ၊ ဇီဝိတံ–ရုပ်နှင့်နာမ်ကို၊ နိယျာဒေမိ–အပ်နှင်းပါ၏။ ပရိစ္စဇာမိ–လှူဒါန်းစွန့်ကြဲပါ၏ အရှင်ဘုရား။

ဇီဝိတံ–စဆမာနောပိ၊ သိက္ခာ ပဒါဟံ၊ နစဇာမိ။ ဇီဝိတံ–ရုပ်နှင့်နာမ်ကို၊ စဆမာနော ပိ–စွန့်လွှတ်ငြားသော်လည်း သိက္ခာပဒံ–ကိုယ်ကျင့်သီလတော်မြတ်ကို၊ အဟံ–တပည့်တော်သည်၊ နစဇာမိ–မစွန့်လွှတ်ပါ အရှင်ဘုရား။

အရှင်ဘုရား – တပည့်တော်များသည်၊ တရားအား ထုတ်ဆဲခဏ၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကင်း၍ အားထုတ်ဆဲ

http://www.dhammadownload.com



အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com

## ရတနာသုံးပါး မိဘ၊ ဆရာသမား တို့အား ကန်တော့ရန်

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာသုံးပါး ဆရာသမားတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် တပည့်တော်တို့ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## တရားအားထုတ်ပြီး အနန္တော အနန္တငါးပါးကို ပူဇော်ရန်

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃာ ပူဇေမိ။

ဣမာယ–ဓမ္မာနု ဓမ္မပဋိပတ္တိယာ–မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဉ္စလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ဓမ္မံ–တရားတော်မြတ်ကို၊

http://www.dhammadownload.com



သံဃာ–သံဃာတော်မြတ် အပေါင်းကို(မိဘ ဘိုးဘွား ဆရာသမားများကို)၊ ပူဇေမိ–ပူဇော်ပါ၏ အရှင်ဘုရား။

## ဆုတောင်း

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။

ဣမာယပဋိပတ္တိယာ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဉ လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ် ပဋိပတ်ကြောင့်၊ ဇာတိ ဇရာ ဗျာဓိ မရဏမှာ–ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ– မချွတ်ဧကန်၊ ပရိမုစ္စိဿာမိ–လွတ်မြောက် ရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



## အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် အမတခေမံ ပြည်နိဗ္ဗာန်ကို ဧကန်ထုတ်ချောက်ရောက်စေသော်။

ယနေ့ယခု အားထုတ်သမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အစရင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ရှိရှိသမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာဓု ခေါ်စေသော်။

(**ကုသိုလ်** – အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။ အရိယာသူတော်ကောင်းတို့ ပို့သအပ်သော မေတ္တာနဲ့၊ အကျွန်ုပ်တို့အားထုတ်ရသော ကုသိုလ်မှန်သမျှတို့ကိုဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓု သာဓု သာဓု) (သုံးကြိမ်)

http://www.dhammadownload.com



## မေတ္တာပို့

ကဲ – မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြမယ်။

- အထက်အရပ်မှာ များသတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
- အောက်အရပ်မှာ များသတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
- အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
- တရားဟော တရားနာ ဘေးရန်ကွာ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။
- ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ကျန်းမာ ကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ဘေးရန် ကွာ ချမ်းသာကြပါစေ။

http://www.dhammadownload.com



- မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
- မေတ္တာရန်သူ ဒေါသမူ အပူကင်းပါစေ။
- မေတ္တာရေစမ်း ကိုယ်စီဖြန်း အေးချမ်းကြပါစေ။
- ခန္တီ၏ရန် ဒေါသမာန် တွန်းလှန်နိုင်ပါစေ။
- ခန္တီနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
- တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။
- တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

## ဆွမ်းသုံးဆောင်ခါနီး မေတ္တာပို့

ယနေ့ အရဏ်ဆွမ်း လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ ဘေးရန်ကင်းကြပါစေ။ ကိုယ်ဆင်းရဲ ကင်းကြပါစေ။ စိတ်ဆင်းရဲ ကင်းကြပါစေ။ ကိုယ်စိတ်

http://www.dhammadownload.com



နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

## ယနေ့မွန်းတည့်ဆွမ်း အချိုပွဲဖျော်ရည်

လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ ဘေးရန်ကင်းကြပါစေ။ ကိုယ်ဆင်းရဲကင်းကြပါစေ။ စိတ်ဆင်းရဲကင်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

## ဆွမ်းသုံးဆောင်ခါနီး ဆင်ခြင်ရန်

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရား

http://www.dhammadownload.com



သာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာပဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို သုံးဆယ့်တစ်ဘုံ၊ ကျင်လည်ကုန်သော၊ ဝေနေယျ၊ ဒုက္ခိတ သုခိတ၊ သတ္တဝါမှန်သမျှ၊ အနန္တတို့ကို၊ ကုသိုလ်ပြုလုပ်၊ အကျွန်ုပ်တို့က၊ အမျှကုသိုလ်၊ ပေးဝေလို၏။ အမျှရကြ၍ ချမ်းသာကြပါစေသော်။

[အမျှ... အမျှ... အမျှ ယူတော်မူကြပါကုန်လော့ သာဓု... သာဓု... သာဓု]

(သုံးကြိမ်)